ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 11 July 2025 ၁၁၈၇၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့် စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ပေးပို့သည့် သဝဏ်လွှာ / အကြောင်းကြားစာနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ သဝဏ်လွှာ / အကြောင်းကြားစာပြန်လည်ပေးပို့

နေပြည်တော် ဇူလိုင် ၁၀

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာနိုင်ငံအပါအဝင် ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ တူနီးရှား၊ ဘော့စနီးယား ဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စသည့် စုစုပေါင်းနိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ဇူလိုင် ၇ ရက်တွင် သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြားစာများ ပေးပို့ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

# တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)အနေဖြင့် ယခုထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေးများဖြင့် ကျေနပ်နေ၍မရဘဲ အရည်အသွေးပိုမိုမြင့်မားသည့် သားရေကုန်ကြမ်းထုတ်ကုန်များ ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်

## တပ်မတော်နှင့် ပုဂ္ဂလိက သားရေအခြေခံပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများအတွက် သားရေကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရမည်

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ) သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် စက်ရုံသမိုင်းအကျဉ်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ) တွင် သားရေကုန်ကြမ်းထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

ကြေးမုံ

# နိုင်ငံတကာစီးပွားရေးအခြေအနေအရ ပြည်တွင်းဖူလုံပြီး ပြည်ပပို့ကုန်မြှင့်တင်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ ဘော့စနီးယား ဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စသည့်နိုင်ငံပေါင်း ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ဇူလိုင်လ ၁၄ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာ၌ အမေရိကန်သည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးတွင် ကုန်သွယ်မှုလိုငွေပြလျက်ရှိသော်လည်း ကုန်သွယ်မှုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျှတမှုရှိသည့်ကုန်သွယ်မှုကို ဆောင်ရွက်ရန်ဆုံးဖြတ်ထားကြောင်း၊ မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့်မည်သည့် ပို့ကုန်အမျိုးအစားမဆို အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ တင်သွင်းသည့် သွင်းကုန်များကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်နှင့် ကုန်သွယ်ခွန်အတွက် ညှိနှိုင်းနိုင်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀၁ ဒသမ ၉ သန်းခန့်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၃ သန်းကျော်ခန့်သာရှိသည်။ အဆိုပါ ကုန်သွယ်ရေးနှင့်ပတ်သက်သည့် သဝဏ်လွှာ/ အကြောင်းကြားစာနှင့်ပတ်သက်၍ အပြုသဘောဆောင် ထိတွေ့ဆက်ဆံမှုအဖြစ်မြင်တွေ့ရပြီး နိုင်ငံတကာစီးပွားရေးနှင့် ပထဝီနိုင်ငံရေးအခြေအနေအရ သုံးသပ်မှုများ မည်သို့ပင်ရှိသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် မြန်မာနိုင်ငံအစိုးရ၏ ကောင်းမွန်သည့်စီမံခန့်ခွဲမှုအရ ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် ညှိနှိုင်းမှုများ၊ ပြန်ကြားမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ညှိနှိုင်းမှုများမှတစ်ဆင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်သည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုလိုငွေပြနေသော်လည်း နိုင်ငံ့စီးပွားရေးကို တိုင်းတာသည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု ဂျီဒီပီတိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် စွမ်းအားရှိသမျှ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသာမက ကမ္ဘာ့နိုင်ငံများနှင့်လည်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ ဘီလီယံရှိသည်။ ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ ဘီလီယံအထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ဂျီဒီပီ ၅ ဒသမ ၂ ဘီလီယံခန့် တိုးတက်လာအောင် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၂ ရက်နေ့ကပြုလုပ်သည့် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိသကဲ့သို့ လတ်တလောဖြေရှင်းရန် လိုအပ်သည့်ကိစ္စကိုလည်း ဖြေရှင်းဆောင်ရွက်ရန်လိုကြောင်း၊ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများနှင့် အရည်အသွေးကောင်းမွန်သည့်မျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ သုတေသနလုပ်ငန်းသည် သီးနှံထုတ်လုပ်ရေးတွင် တိုးတက်မှုဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုသည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း အလားတူဖြစ်သည်။ ပြည်တွင်း၊ ပြည်ပဈေးကွက် ရှိပြီးဖြစ်သကဲ့သို့ တိရစ္ဆာန်အစားအစာများလည်း ပြည်တွင်း၌ လုံလောက်စွာရရှိနိုင်သည်။ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံတကာကုန်သွယ်ရေး အခြေအနေအရ ပြည်တွင်းဖူလုံ၍ ပြည်ပပို့ကုန် ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

## မစ္စတာ အဇက်ဒင်းဘက်ကာအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ အဇက်ဒင်းဘက်ကာအား ဟန္နိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဇက်ဒင်းဘက်ကာကို ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် အယ်လ်ဂျီးရီးယားနိုင်ငံ ဘတ်နာတက္ကသိုလ်မှ စီမံခန့်ခွဲမှုနှင့်စီးပွားရေးဆိုင်ရာဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာ အထူးပြုဝိဇ္ဇာဘွဲ့၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုမဟာဘွဲ့နှင့် တူနီးရှားနိုင်ငံ တူးနစ်မြို့ရှိ အယ်လ်မာနာတက္ကသိုလ်မှ ကျွမ်းကျင်မှုစီမံကိန်းနှင့် လူ့အရင်းအမြစ်မဟာဗျူဟာစီမံခန့်ခွဲမှုဆိုင်ရာ ပါရဂူဘွဲ့ကို ရရှိခဲ့သည်။

မစ္စတာ အဇက်ဒင်းဘက်ကာသည် ဘတ်နာ အကောက်ခွန်ညွှန်ကြားမှုရုံးတွင် ၁၉၉၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဧပြီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တူနီးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံရုံးတို့တွင် သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဧပြီလမှ ယနေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားသမီးသုံးဦး ရှိသည်။

သတင်းစဉ်

## ၁၀ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၆,၈၀၀ | ၆၅ | ၄၆၀,၄၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁၇၄ | ၅၅၆,၈၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၇၇၀ | ၅,၆၂၁,၀၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁၀ | ၂၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၇၀၀ | ၂၆ | ၇၂,၂၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၆၁၁ | ၂,၆၀၂,၆၀၀ |
| AMATA | ၃,၇၅၀ | ၃,၈၅၀ | ၃၃၁ | ၁,၂၄၁,၅၅၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၁၀ | ၃၁,၅၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

Chairman
State Administration Council
Republic of the Union of Myanmar

His Excellency Donald J. Trump
President of the United States of America
Washington, D.C.

Date: 9 July 2025

Dear Mr. President,

I have the honour to acknowledge receipt of Your Excellency's letter dated 7 July 2025, and to express my sincere appreciation for your correspondence.

It is with great esteem that I wish to acknowledge Your Excellency's strong leadership in guiding your country toward national prosperity with the spirit of a true patriot, as well as your continued efforts to promote peace on the global stage.

I am expressing my sincere appreciation for this encouraging invitation to continue participating in the extraordinary Economy of the United States, the Number One Market in the World.

We are truly grateful for the reduction of the original tariff rates imposed on Myanmar's Commodities from 44% to 40%. Myanmar has enjoyed a long-standing history of friendly relations and firm trade commitments with the United States. We have continued to make efforts to strengthen further and deepen the bilateral trade relations between our two countries.

We deeply acknowledge Your Excellency's distinguished efforts to advance your country's interest in addressing the trade deficits resulting from the imbalance of trade between the United States and Myanmar.

To being with, in furtherance of maintaining a balanced and mutually beneficial trade between Myanmar and the United States, we would like to propose to reduce the current tariff rates to the range of 10%-20% for the exports of Myanmar to the United States and reciprocally apply the tariff rates of 0%-10% on the United States' exports to Myanmar. We stand ready to dispatch a high-level negotiation team and discuss with the relevant authorities if needed.

However, Myanmar remains one of the Least Developed Countries (LDCs) to this day. Additionally, over the past five years, we have faced a series of unprecedented challenges, ranging from the overall impact of the COVID-19 pandemic to natural disasters, including a powerful 7.7-magnitude Mandalay earthquake, Cyclone Mocha, and Typhoon Yagi. At the same time, the government

2

and the people are navigating significant challenges of domestic instability posed by drug trafficking, online fraud and scamming, and illicit arms smuggling.

Mr. President,

I would like to take this opportunity to share with Your Excellency the efforts made by our government and the people of Myanmar in response to the current situation in our country. Similar to the challenges you encountered during the 2020 election of the United States, we also experienced major electoral fraud and significant irregularities. Despite multiple attempts by some political parties and the Tatmadaw to address these concerns, the then-ruling party and the former Union Election Commission not only dismissed these requests but also failed to resolve the issues with the necessary transparency and accountability. Moreover, they suppressed the other political parties' grievances and calls for a review of the electoral results. With no recourse left to resolve the issues either through the then-ruling party or the former Union Election Commission, and amid growing confidence in the efforts of the political parties to demonstrate that the electoral outcome was compromised by the electoral malpractices, the Tatmadaw temporarily assumed the State's responsibilities under the Constitution. Subsequently, fabricated narratives circulated by certain news agencies then distorted the situation, shaping and leaving a negative image and perception of Myanmar's ongoing political developments within the international community.

Following the SAC's assumption of the State's responsibilities, a new Union Election Commission was reconstituted and proceeded to investigate the 2020 election under the relevant national laws. The investigation uncovered 11.3 million cases of voting fraud, accounting for 29.54% of the total votes nationwide. Based on the testimonies from individuals involved in the electoral malpractices, who had been subsequently found guilty, appropriate legal actions were taken. They acknowledged the courts' decisions and complied with resulting punishments. Having completed their sentences, they have now been released. In addition, the investigation into electoral fraudulence was also accepted as just and fair by legally registered political parties and the public.

I sincerely appreciate Your Excellency's efforts aimed at promoting global peace, in regulating broadcasting agencies and funds, which have sometimes exacerbated the existing conflicts. Assessments influenced by one-sided misinformation and distorted narratives ultimately led to the imposition of the

3

economic sanctions on Myanmar. I hereby respectfully request Your Excellency to reconsider easing and lifting the economic sanctions imposed on Myanmar, as they hinder the shared interests and prosperity of both our countries and the peoples.

Myanmar has consistently upheld the tradition of peaceful coexistence with other nations and remains committed to maintaining good relations with all countries. Similarly, Myanmar has no dispute with any other countries including the United States.

Mr. President,

Myanmar and the United States can enhance the existing bilateral trade relations by balancing tariffs and removing barriers, as Your Excellency proposed.

With best regards, I wish Your Excellency and the people of the United States good health, prosperity and every success in future endeavours.

Senior General Min Aung Hlaing
Chairman
State Administration Council
Republic of the Union of Myanmar

## ❖ ကနဦးအနေဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဘက်ညီမျှသော ကုန်သွယ်မှုဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်များအပေါ် အခွန်(၁၀)ရာခိုင်နှုန်းမှ (၂၀)ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်များအပေါ် (၀)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်းကြား ချိန်ညှိကောက်ခံသွားရန် အဆိုပြုညှိနှိုင်းလိုပါကြောင်း၊ လိုအပ်ပါက မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အမြန်စေလွှတ်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်လို

**❂ အမေရိကန်နိုင်ငံမှ**

အဆိုပါ သဝဏ်လွှာ/အကြောင်းကြားစာနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ ညှိနှိုင်းပြန်ကြားသည့် သဝဏ်လွှာ/အကြောင်းကြားစာအား ဇူလိုင် ၉ ရက်နေ့က ပေးပို့ခဲ့သည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြန်လည်ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာ၌ သမ္မတကြီးထံမှ မိမိထံသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့စွဲဖြင့် ပေးပို့သော စာလွှာအား ကျေးဇူးတင်ရှိစွာဖြင့် လက်ခံရရှိသည်ကို ဦးစွာ အသိပေးအပ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် အမေရိကန်ပြည်ထောင်စုကြီး တိုးတက်ကြီးပွားသာယာဝပြောရေးအတွက် မျိုးချစ်စိတ်အပြည့်အဝဖြင့် တာဝန်သယ်ပိုးထမ်းဆောင်လျက်ရှိသကဲ့သို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ဦးဆောင်ကြိုးပမ်းနေသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအား လက်ရှိကမ္ဘာ့နံပါတ်(၁)ဈေးကွက်နှင့် အလွန်ကောင်းမွန်သော စီးပွားရေးရှိနေသည့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်မှုအတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာ့ပို့ကုန်များအပေါ် (၄၄)ရာခိုင်နှုန်း အခွန်ကောက်ယူရန် မူလလျာထားချက်ကို၊ (၄၀)ရာခိုင်နှုန်း ပြင်ဆင်လျာထား ဆောင်ရွက်ပေးမှုအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် သမိုင်းကြောင်း ရှည်လျားကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ပြီး ကုန်သွယ်မှုဆက်ဆံရေး ခိုင်မာမှုကတိကဝတ်များကိုလည်း အစဉ်အမြဲ ထိန်းသိမ်းခဲ့ကြပါကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးတိုးမြှင့်နိုင်ရန်အတွက်လည်း မိမိတို့ အစဉ်အမြဲမျှော်လင့်ကြိုးပမ်းလျက်ရှိပါကြောင်း။

အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုမမျှတသဖြင့် အမေရိကန်ဘက်မှ လိုငွေကြီးမားစွာပြခြင်းအတွက် အဆွေတော်သမ္မတကြီးအနေဖြင့် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းအပေါ် မိမိအပြည့်အဝ နားလည်ပါကြောင်း။

ကနဦးအနေဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဘက်ညီမျှသော ကုန်သွယ်မှုဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်များအပေါ် အခွန်(၁၀)ရာခိုင်နှုန်းမှ (၂၀)ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်များအပေါ် (၀)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်းကြား ချိန်ညှိကောက်ခံသွားရန် အဆိုပြုညှိနှိုင်းလိုပါကြောင်း၊ လိုအပ်ပါက မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အမြန်စေလွှတ်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်လိုပါကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး (LDC)နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်နေသည့်အပြင် လွန်ခဲ့သည့်(၅)နှစ်တာကာလအတွင်း ကိုဗစ်(၁၉)ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုခါဆိုင်ကလုံးမုန်တိုင်း၊ ရာဂီမုန်တိုင်း ရေကြီးရေလျှံမှုနှင့် ၇ ဒသမ ၇ မဂ္ဂနီကျူရှိ မန္တလေးငလျင်ကြီးများကြောင့် ပြင်းထန်သော စိန်ခေါ်မှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသဖြင့် မြန်မာပြည်သူများသည် ကြီးမားသောစိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနေရသည့် အချိန်လည်း ဖြစ်ပါကြောင်း။

အလျဉ်းသင့်၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် မြန်မာအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို အဆွေတော်အား အသိပေးလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အမေရိကန်နိုင်ငံ ရွေးကောက်ပွဲတွင် အဆွေတော်သမ္မတကြီး ကြုံတွေ့ခဲ့ရသလို မိမိတို့နိုင်ငံ ရွေးကောက်ပွဲတွင်လည်း ကြီးမားသည့် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၎င်းဖြစ်ရပ်များအတွက် အာဏာရပါတီနှင့် ရွေးကောက်ပွဲကော်မရှင်အား ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမပြုဘဲ နိုင်ငံတော်အာဏာကို မဲမသမာမှုများဖြင့် ပေါ်ထွက်လာသည့် ရလဒ်အရ တရားမဲ့ရယူရန်ကြိုးပမ်းမှုသည် တရားမျှတမှုမရှိကြောင်း၊ အာဏာရပါတီ မဟုတ်သည့် အခြားသော နိုင်ငံရေးပါတီများက လက်ခံယုံကြည်ကြသောကြောင့် အခြေခံဥပဒေက အပ်နှင်းထားသော တာဝန်အရ တပ်မတော်မှ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ မီဒီယာများ၏ မဟုတ်မမှန်ထုတ်လွှင့်ခဲ့မှုများကြောင့်သာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အပေါ် နိုင်ငံတကာ အထင်အမြင်မှားမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း။

တပ်မတော်က နိုင်ငံတော်အာဏာကို တာဝန်ယူဆောင်ရွက်ချိန်တွင် ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စိစစ်ခဲ့ရာ မဲအရေအတွက်(၁၁ ဒသမ ၃)သန်း (တစ်နိုင်ငံလုံး ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း)မသမာမဲအဖြစ် စိစစ်တွေ့ရှိခဲ့ရပါကြောင်း၊ မဲမသမာမှုများအတွက် ထိုစဉ်က တာဝန်ရှိသည့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ချိန်တွင် ၎င်းတို့၏ ထွက်ဆိုချက်များအရ မဲမသမာမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့မှုကြောင့် ၎င်းတို့အပေါ် တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်များကိုခံယူပြီး ယခုအခါ ပြန်လည်လွတ်မြောက်နေကြပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းကာ မဲမသမာမှုများကို စစ်ဆေးဖော်ထုတ်ခဲ့မှု အခြေအနေသည်လည်း မှန်ကန်မျှတမှုရှိကြောင်း တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီများနှင့် ပြည်သူအများစုက လက်ခံယုံကြည်ခဲ့ကြပါကြောင်း။

အဆွေတော်သမ္မတကြီးအနေဖြင့် ကမ္ဘာ့တည်ငြိမ်အေးချမ်းမှုကို ရှေးရှု၍ ပဋိပက္ခများတိုးပွားစေသည့် သတင်းဌာနများနှင့် ရန်ပုံငွေစနစ်များကို ထိန်းချုပ်ပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မမှန်မကန်သတင်းအချက်အလက်များကိုသာ တစ်ဖက်သတ်ထုတ်လွှင့်ခဲ့မှုများကြောင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာကသိရှိမှုမရှိဘဲ သတင်းမှားများကို အခြေခံကာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ အမေရိကန်ပြည်ထောင်စုကလည်း မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ထားရာ ထိုအရေးယူပိတ်ဆို့ထားမှုများသည် မိမိတို့နှစ်နိုင်ငံအတွက် မည်သို့မျှအကျိုးမရှိခြင်းကြောင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ ယခင်ကချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ရုပ်သိမ်းပေးရန်လည်း အထူးမေတ္တာရပ်ခံအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အစဉ်အဆက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ကျင့်သုံးခဲ့ပြီး မည်သည့်နိုင်ငံနှင့်မျှ ပဋိပက္ခအငြင်းပွားမှုမရှိခဲ့ဘဲ ၎င်းအစဉ်အလာကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ အလားတူစွာပင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားမည်သည့် ကမ္ဘာ့နိုင်ငံများကိုမျှ အနှောင့်အယှက်ပေးမှုမရှိခဲ့သည်ကိုလည်း ပြောကြားလိုပါကြောင်း။

အဆွေတော်၏ အဆိုပြုချက်အတိုင်း ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖယ်ရှားခြင်း၊ အပြန်အလှန် အခွန်ကောက်ခံမှုထိန်းသိမ်းခြင်းတို့ဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေး တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း၊ အဆွေတော်နှင့် အမေရိကန် ပြည်သူပြည်သားများ ကျန်းမာရွှင်လန်းကြပါစေကြောင်း၊ အနာဂတ်လုပ်ငန်းစဉ်များတွင် အောင်မြင်မှုများ ဆွတ်ခူးနိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❒ ရှေ့ဖုံးမှ

စက်ရုံ၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် စက်များ၏ စွမ်းဆောင်နိုင်ရည်၊ ကရုန်းသားရေ၊ ဆိုးလ်သားရေနှင့် ဆိတ်သားရေတို့အား တစ်နှစ်လျှင် သားရေကုန်ကြမ်းထုတ်လုပ်ပေးနိုင်မှုနှင့် ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ စက်ရုံဝန်ထမ်းများအတွက် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ဝတ်ရေးအတွက် အဆင်ပြေမှုရှိစေရေး တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်၊ အသုံးအဆောင်များဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အစိုးရများအနေဖြင့် တပ်မတော်သားများ၏ ဝတ်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ပေးမှုများရှိကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့် တပ်မတော်သားအားလုံး၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများ ကောင်းရုံဖြင့်မရဘဲ လက်ရာများလည်း ကောင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားရေ စက်ရုံ(မိတ္ထီလာ)အနေဖြင့် ယခု ထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေးများဖြင့် ကျေနပ်နေ၍ မရဘဲ အရည်အသွေးပိုမိုမြင့်မားသည့် သားရေကုန်ကြမ်းထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် ပုဂ္ဂလိက သားရေအချောထည် ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများအတွက် သားရေကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ သားရေထုတ်လုပ်မှုနည်းစဉ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ ဖိနပ်လုပ်ငန်းအတွက် လိုအပ်သည့် သားရေများအပြင် အခြားလုပ်ငန်းသုံးသားရေပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက်လည်း အရည်အသွေးမြင့် သားရေများထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**★ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ဝတ်ရေးအတွက် အဆင်ပြေမှုရှိစေရေး တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့်အဝတ်အထည်၊ အသုံးအဆောင်များဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိ**

**★ နိုင်ငံတကာတွင်လည်း အစိုးရများအနေဖြင့် တပ်မတော်သားများ၏ဝတ်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ပေးမှုများရှိ၊ မိမိတို့တပ်မတော်အနေဖြင့် တပ်မတော်သားအားလုံး၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်ပေးလျက်ရှိ**

**★ နိုင်ငံတကာမှ သားရေထုတ်လုပ်မှုနည်းစဉ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားရန်လို၊ ဖိနပ်လုပ်ငန်းအတွက် လိုအပ်သည့်သားရေများအပြင် အခြားလုပ်ငန်းသုံးသားရေပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက်လည်း အရည်အသွေးမြင့် သားရေများထုတ်လုပ်ပေးနိုင်ရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားရေ စက်ရုံ(မိတ္ထီလာ)အတွင်း လှည့်လည်၍ သားရေ ရေစိုဌာန၊ သားရေ အချောကိုင်ဌာန၊ သားရေ ဆိုးလ်ဌာနတို့အတွင်း သားရေကုန်ကြမ်းထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြသထားသည့် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)မှထုတ်လုပ်ထားရှိသောသားရေကုန်ကြမ်းများကို ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၀**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော မုံရွာတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# မိတ္ထီလာဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြားသို့ တင်ပို့နိုင်သည့်အခြေအနေကို ပိုင်ဆိုင်ထားရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြ**

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ အပေါ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မှု၊ မိတ္ထီလာမြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆိုလာခေတ်အားပေးစက်ရုံများ တည်ဆောက်လည်ပတ်လျက်ရှိမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ ခရိုင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေပေးဝေရေးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက မိတ္ထီလာခရိုင်အတွင်း သန့်ရှင်းသာယာလှပရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းကောင်းမွန်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုရှိစေရေး၊ မိတ္ထီလာမြို့ ရေရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **မည်သည့်အစိုးရ နိုင်ငံတော် တာဝန်ယူသည်ဖြစ်စေ ကိုယ်တိုင်အလုပ်လုပ်မှ အကျိုးခံစားခွင့်နှင့် တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိတ္ထီလာဒေသစိမ်းလန်းစိုပြည်ရေးအတွက် **ဒေသအလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် Green Zone များ ဖော်ဆောင်ကြရန်လို**ကြောင်း၊ **အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက် တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံးနှစ်ဧကခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို**ကြောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီး လမ်းဘေးဝဲ၊ ယာ၌ သစ်ပင်များစိုက်ပျိုးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုပြီး ရှင်သန်မှုမရှိသည့်သစ်ပင်များ၊ ရှင်သန်မှုရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားခဲ့သည့်သစ်ပင်များ နေရာ၌ အစားထိုး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေနှင့်အခြေခံလိုအပ်ချက်များကိုပါ ထည့်သွင်းတွက်ချက်၍ အသေးစိတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **မြို့ပြစီမံကိန်းများ တိုးချဲ့ရာတွင် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေး၌ အဓိကကျသောလယ်မြေများကို အသုံးမပြုမိရန်လို**ကြောင်း၊ မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခရိုင်အတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရေဖူလုံမှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများ ကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး၊ မီးဖိုချောင်သုံးသီးနှံများ ပိုမိုတိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်း ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများအလိုက် ဒေသတွင်းတိုးတက်မှုရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ထမ်းများသာမက မြို့နေလူထုကလည်း ကိုယ်စီအသိစိတ်ဓာတ်ဖြင့် အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ သန့်ရှင်းသာယာလှပမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများက စနစ်တကျ ထိန်းသိမ်းကြပ်မတ်ရမည် ဖြစ်သကဲ့သို့ စီးနင်းသူများကလည်း သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

☆ မည်သည့်အစိုးရ နိုင်ငံတော်တာဝန်ယူသည်ဖြစ်စေ ကိုယ်တိုင်အလုပ်လုပ်မှ အကျိုးခံစားခွင့်နှင့် တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန်လို

☆ ဒေသအလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် Green Zone များ ဖော်ဆောင်ကြရန်လို၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက် တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံး နှစ်ဧကခန့်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို

☆ မြို့ပြစီမံကိန်းများတိုးချဲ့ရာတွင် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေး၌ အဓိကကျသောလယ်မြေများကို အသုံးမပြုမိရန်လို

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်နှင့် ဦးလှမိုးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးရာတွင် မိတ္ထီလာဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရေး ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမြေများကို စနစ်တကျဖြင့် မှန်မှန်ကန်ကန်အသုံးချမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ မိတ္ထီလာဒေသအတွင်း မြစိမ်းရောင်စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု တိုးတက်စေရေး သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးထားမှုနှင့် ဝါကြိတ်စက်များ

စာမျက်နှာ ၆ သို့ ○

○ စာမျက်နှာ ၅ မှ

တည်ထောင်ပေးထားမှု၊ တောင်သူများအတွက် လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

**ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အလေးထား ဆောင်ရွက်**

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် မိတ္ထီလာဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်မှာကြားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိတ္ထီလာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခြင်းဟူ၍ နှစ်ပိုင်းရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိတ္ထီလာဒေသတွင် ကြီးမားသည့် စက်ရုံအလုပ်ရုံများမရှိသော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး စီးပွားရေးအားကောင်းစေရန်အတွက် ဒေသတွင်း ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝင်ငွေရရှိရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ လုံလောက်စွာရရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် သုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိတ္ထီလာဒေသရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့် ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များက မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၊ ရပ်မိရပ်ဖများနှင့် တိုင်ပင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် လက်တွေ့အသုံးချသွားရန်လိုပြီး အခြားဒေသများတွင်လည်း ထိုသို့ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြင့် လုပ်ငန်းရပ်များ တစ်ခုချင်းစီအလိုက် အောင်မြင်မှုရရှိလာမည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏ စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ မိဘမေတ္တာအဆင့်မြင့်ဆန်စက်လုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

ကမ္ဘာ့နိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ အများအပြားရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်နေရသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိုက်သင့်သလောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားသည့်ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး စီးပွားရေးနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း။

**☆ မိတ္ထီလာဒေသရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့် ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များက မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၊ ရပ်မိရပ်ဖများနှင့် တိုင်ပင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် လက်တွေ့အသုံးချသွားရန်လိုပြီး အခြားဒေသများတွင်လည်း ထိုသို့ဆောင်ရွက်သွားရန်လို**

**စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကအထွက်နှုန်း တိုးတက်စေရေး ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်**

နိုင်ငံ့စီးပွား အားကောင်းစေရေးအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုအားကောင်းရန်အတွက် နည်းပညာလိုအပ်ချက်များရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” စသည့်နည်းလမ်းလေးသွယ်သည် အရေးကြီးကြောင်း၊ အဆိုပါနည်းလမ်းလေးသွယ်အတိုင်း စနစ်တကျ စိုက်ပျိုးဆောင်ရွက်မှသာ တစ်ဧကချင်းအထွက်နှုန်းများတိုးတက်လာပြီး စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ တွက်ချက်မှုများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မိတ္ထီလာမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထွက်ရှိမှုသည် ပန်းတိုင်ရည်မှန်းချက် မပြည့်မီခဲ့ဘဲ ပျမ်းမျှတစ်ဧကလျှင် ၆၂ ဒသမ ၆၅ တင်းသာထွက်ရှိခဲ့သဖြင့် ၃၇ ဒသမ ၃၅ တင်း လျော့နည်းခဲ့ကြောင်း၊ အဆိုပါအချိန်တွင် စပါးတစ်တင်း၏ ကာလပေါက်ဈေးမှာ ငွေကျပ် ၂၂၀၀၀ ရှိသဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသောကြောင့် ငွေကျပ် ၁၀ ဒသမ ၃၆၉ ဘီလီယံလျော့နည်း ဆုံးရှုံးခဲ့ရကြောင်း၊ မိတ္ထီလာခရိုင်တစ်ခုလုံးတွင် မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်ရည်မှန်းချက်မပြည့်မီခဲ့သဖြင့် ငွေကျပ် ၇၉ ဒသမ ၇၉၁ ဘီလီယံဝင်ငွေလျော့နည်းခဲ့ရကြောင်း၊ အလားတူနွေစပါးထွက်ရှိမှုတွင်လည်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် ၄ ဒသမ ၆ ဘီလီယံဝင်ငွေလျော့နည်းခဲ့ကြောင်း၊ မြေပဲစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် ငွေကျပ် ၄၆ ဒသမ ၈၉၅ ဘီလီယံ လျော့နည်းခဲ့ကြောင်း၊ နှမ်းစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းကြောင့် ၅၈၀ ဒသမ ၄၈ ဘီလီယံလျော့နည်းခဲ့ကြောင်း၊ နေကြာ၊ ပဲတီစိမ်းစသည့် သီးနှံများအပါအဝင် မိတ္ထီလာခရိုင်အတွင်း တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း မပြည့်မီမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် စုစုပေါင်း ငွေကျပ် ၉၈၀ ဘီလီယံခန့် လျော့နည်းဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါအချက်ကိုကြည့်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသစီးပွားရေးကိုများစွာအထောက်အကူပြုနိုင်သည်ကို တွေ့ရှိရသဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး စိုက်ပျိုးသည့်မျိုးများကောင်းမွန်ရန်လိုပြီး မျိုးကောင်းမျိုးသန့်များရရှိစေရေးအတွက်သုတေသနပြုလုပ်စိုက်ပျိုးရန်လိုကြောင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုက်ဆံလျှော်များ စိုက်ပျိုးဆောင်ရွက်နိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့်လည်း ဇီဝမြေဩဇာများကို အသုံးချနိုင်ကြောင်း၊ အလားတူ ရေလုံလောက်စွာရရှိရေး ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို အသုံးချ၍ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြေအောက်ရေများ၊ မိုးရေများနှင့် မြစ်ရေတင်စီမံကိန်းများမှ ရေများကို အသုံးချ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် နည်းစနစ်ကျနစွာဖြင့် စိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကောက်ကွက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့် အပင်များအားလုံး ရှင်သန်ဖြစ်ထွန်းမှုရှိစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်**

မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြားသို့ တင်ပို့နိုင်သည့် အခြေအနေကို ပိုင်ဆိုင်ထားရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုကို ဦးစွာဆောင်ရွက်ပြီး ပိုလျှံသည်များကို ပြင်ပသို့ ဆက်လက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် မီးဖိုချောင်သုံးသီးနှံများကို တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ပစ္စည်းအဖြစ် ထုတ်လုပ်ကာ တင်ပို့ရောင်းချခြင်းဖြင့် ဒေသနှင့် နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်ပြောင်းလဲ ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသား အရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်**

မိတ္ထီလာဒေသအတွင်း ပညာရေးအားနည်းချက်များရှိနေသည်ကို တွေ့ရှိရပြီး တန်းစဉ်ကူးပြောင်းမှု လျော့နည်းပြီး

စာမျက်နှာ ၇ သို့ ○

❍ စာမျက်နှာ ၆ မှ
ကျောင်းနေရာခိုင်နှုန်း နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာဒေသအနေဖြင့်လည်း ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြ စေလိုကြောင်း၊ မိတ္ထီလာဒေသသည် ကောလိပ်များ၊ တက္ကသိုလ်များလုံလောက်စွာရှိပြီးဖြစ်ပြီး ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဒေသတွင်းပညာတတ်များ ပေါ်ကြွယ်ဝစေရေး အားပေးဆောင်ရွက်သွားကြစေလိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိစေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍမြင့်မားရေးကိုလည်း အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားရုံများ၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့်ပတ်သက်၍ အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှသာလျှင် အားကစားစိတ်ဓာတ်များ ပြည့်ဝလာမည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ လေ့ကျင့်အားထုတ်နိုင်မည်ဖြစ်ကြောင်း၊ နည်းစနစ်ပိုင်းနှင့် ကြံ့ခိုင်မှုအပိုင်း ပြည့်ဝမှုရှိစေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားကဏ္ဍမြင့်မားမှုရှိစေရေး အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုများ**
**စနစ်တကျဖြစ်စေရေး**
**ကြပ်မတ်ဆောင်ရွက်ရန်လို**

မိတ္ထီလာခရိုင်အတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် မြေယာအသုံးချမှုများ မှန်ကန်မှုရှိစေရေး အတွက်လည်း ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့် အညီသာဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေက သတ်မှတ်ပေးထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံ**
**ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပပြုလုပ်နိုင်ရေး**
**ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

မိမိတို့အနေဖြင့် ယခုနှစ်နှစ်ကုန်ပိုင်းတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအားလုံးဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲစာရင်းများမှားယွင်းမှုမရှိစေရေး၊ မဲမသမာမှုမဖြစ်စေရေးတို့အတွက် စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်၌ နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ပြီး အချို့နိုင်ငံများက လာရောက်ရန်သဘောတူပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မိတ္ထီလာခရိုင်အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်**
**ထုတ်လုပ်ရေးလုပ်ငန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ မိတ္ထီလာမြို့ ဝမ်းတော်ပြည့်တိုးချဲ့၊ နယ်မြေ(၈)၊ ကျီတော်ကုန်းရပ်ကွက်ရှိ သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးတင့်နိုင်ဝင်းနှင့် ဒေါ်သန္တာမျိုးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် လုပ်ငန်းမှထုတ်လုပ်လျက်ရှိသည့် ငရုတ်သီးမှုန့်ထုတ်ကုန်များ ထုတ်လုပ်ထားရှိမှု၊ ပိုးသတ်ပြီးငရုတ်သီးများကို နေရောင်ခြည်စွမ်းအင်သုံး အခြောက်ခံစက် (Solar Dryer Domes) အတွင်း၌ ငရုတ်သီးအမျိုးအစားအလိုက် Moisture (၈ မှ ၁၀) အထိ ကျအောင် အခြောက်ခံထားရှိမှု၊ ငရုတ်ခြောက်များကို အညှာခြွေသန့်စင်မှု၊ သန့်စင်ပြီး ငရုတ်ခြောက်များကို မှိုဝင်မှုမရှိစေရေး Moisture ၅ အထိကျအောင်အခြောက်ခံ၍ ကြိတ်ခွဲနေမှု၊ ထွက်ရှိလာသည့် ကုန်ချောများကို Packing ထုပ်ပိုးနေမှု စသည်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ အားပေးစကား ပြောကြားသည်။

အဆိုပါ သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့် ထုတ်လုပ်ရေးလုပ်ငန်းသည် ၁၉၈၀ ပြည့်နှစ်ကတည်းက စတင်တည်ထောင်ထုတ်လုပ်ခဲ့သည့် မိရိုးဖလာလုပ်ငန်းဖြစ်ပြီး လက်ရှိအချိန်တွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သုံးစွဲနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာဒေသအတွင်း၌ ဒေသတွင်း တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသမှထွက်ရှိသည့် ငရုတ်သီးများနှင့် ရှာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ငရုတ်သီးများဖြင့် ငရုတ်ချဉ်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်နှင့် ငရုတ်ဆော့ စသည်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ မိတ္ထီလာခရိုင်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တာချီလိတ်၊ နေပြည်တော်၊ ပျဉ်းမနား၊ တပ်ကုန်း၊ မော်လမြိုင်၊ ပြင်ဦးလွင်၊ ဘုတ်ပြင်း၊ နမ့်ဆန်၊ တောင်ကြီး၊ ရွှေညောင်၊ ပဲခူး၊ တောင်ငူ တို့သို့တင်ပို့ရောင်းချလျက်ရှိပြီး ဈေးကွက်တိုးချဲ့နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် MSME ကုန်စည်ပြပွဲများ၌ ပြသဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းရှိပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သကဲ့သို့ သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်ဖြစ်သဖြင့် ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိဘမေတ္တာ**
**အဆင့်မြင့်ဆန်စက်လုပ်ငန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ မိတ္ထီလာမြို့ မိဘမေတ္တာ အဆင့်မြင့်ဆန်စက်လုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးအောင်ရဲကျော်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည့် ဆန်များကို ကြည့်ရှုပြီး ဆန်စက်များမှ ထွက်ရှိလာသည့်စပါးခွံများကို အလေအလွင့်မရှိစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ထင်းသုံးစွဲမှုကို လျော့ကျစေသည့် ထင်းအစားထိုး စပါးခွံလောင်စာတောင့်ထုတ်လုပ်နေမှု၊ အဆိုပါ စပါးခွံလောင်စာတောင့် အသုံးပြုသည့် Gasifier စက်ဖြင့် အင်ဂျင်လည်ပတ်ကာ လုပ်ငန်းသုံးလျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်နေမှု၊ စပါးအခြောက်ခံစက်အသုံးပြု၍ စပါးများကို အခြောက်ခံနေမှု၊ စပါးကြိတ်ခွဲစက်များမှ စပါးများ ကြိတ်ခွဲနေမှုတို့ကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းရှင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# မြစ်ကြီးနားမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၈၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေ ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကုလားဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာမကျောင်းတိုက်ဓမ္မာရုံ၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၂-၇-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅)၊ အမှတ် (၂၈) တွင် ဖခင်ဖြစ်သူထံမှ အမွေအဖြစ် လက်ခံရရှိသော ငန်းနှစ်ကောင်၏ကျေးဇူးကြောင့် ဘုရင်ကြီး၏ ချီးမြှင့်မြှောက်စားခြင်းကိုခံရသော မောင်ဒေါနအကြောင်း သရုပ်ဖော်ထားသည့် “ထူးခြားအမွေ” မျက်နှာဖုံးကာတွန်း၊ ဟင်းသီးဟင်းရွက်အမျိုးအစားများအကြောင်း ရေးသားထားသည့် “ဟင်းသီးဟင်းရွက်အမျိုးအစားများ” သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ ကြွားဝါခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို နားလည်သဘောပေါက်သွားသော ပုပုအကြောင်း သရုပ်ဖော်ထားသည့် “ပုပု ပါဝင်သည့် ကျီးနဲ့ကျေး” နှစ်မျက်နှာကာတွန်း၊ မြန်မာတို့သည် မြန်မာ့ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်ရမည်ဖြစ်ကြောင်း ဖတ်ရှုရမည့် “ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းကြမယ်” ဝတ္ထုကဏ္ဍ၊ မြန်မာတို့၏ ဝါဆိုလအချိန် ကြည်နူးဖွယ်ရာ အလှူဒါနများအကြောင်း ရေးဖွဲ့ထားသည့် “ဝါဆိုပန်းခူးသွားကြမယ်” ကဗျာကဏ္ဍ၊ ဘက်ထရီစက်ဘီး ဝယ်ပေးစရာမလိုတော့ဘူးဆိုသော ဂျာရစ်




အကြောင်း သရုပ်ဖော်ထားသည့် “ဂျာရစ်” တစ်မျက်နှာဟာသကာတွန်း၊ အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ ဖြစ်လာကြမည့် လူငယ်များသည် ငယ်ရွယ်ချိန်ကတည်းက လုံ့လဝီရိယထား၍ ကြိုးစားကြရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် “အနာဂတ်ကြယ် တို့လူငယ်” ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများ သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ဆေးရုံတပ်မှူးက ဆေးရုံသမိုင်းအကျဉ်း၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများအား ဆေးအကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ အထူးကုသမှုများ၊ ရောဂါရှာဖွေရေး လုပ်ငန်းများ၊ အစားထိုးခွဲစိတ်ကုသရေး လုပ်ငန်းများနှင့် နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်နှင့် သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ **နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ချိန်တွင် ပြည်သူ့ကျန်းမာရေး ဟောပြောမှုများကိုလည်း ဆောင်ရွက်ပေးရန်လို**ကြောင်း၊ အရက်သေစာသောက်စားမှုများကြောင့် ကျန်းမာရေးထိခိုက်မှုဖြစ်ပေါ်မှုများနှင့်ပတ်သက်၍လည်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားပြီး ဆေးရုံလိုအပ်ချက်များ ကိုမေးမြန်းကာ ဆေးရုံအုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများနှင့် ကုသမှုဆိုင်ရာ အဆောက်အအုံများ အဆင့်မြှင့်တင်တည်ဆောက်ပေးမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများအား ကြည့်ရှုအားပေးစဉ်။

- ❖ **နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ပြည်သူ့ကျန်းမာရေး ဟောပြောမှုများကိုလည်း ဆောင်ရွက်ပေးရန်လို**
- ❖ **အရက်သေစာသောက်စားမှုများကြောင့် ကျန်းမာရေး ထိခိုက်မှုဖြစ်ပေါ်မှုများနှင့်ပတ်သက်၍လည်း ပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာကန်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

- ❖ **ခရိုင်အဆင့် အားကစားကွင်းဖြစ်သည်နှင့်အညီ အားကစားကွင်းနှင့် အားကစားကွင်းပုံစံအား အဆင့်မီပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည်**
- ❖ **ပွဲကြည့်ပရိသတ်များ အဆင့်မီမီကြည့်ရှုအားပေးနိုင်ရေး ခရိုင်အဆင့်နှင့်လျော်ညီသည့်ပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးသွားမည်**

## မိတ္ထီလာတောင်ကန်ပေါင် (ရန်ကုန် – မန္တလေး)လမ်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာတောင်ကန်ပေါင် (ရန်ကုန်-မန္တလေး)လမ်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ကန်ပေါင်ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိတ္ထီလာကန်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကန်ပေါင်ပတ်လမ်းနှင့် ပလက်ဖောင်းများစနစ်တကျဖြစ်စေရေး၊ ကန်ပေါင်ပေါ်၌ ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မိတ္ထီလာခရိုင်အားကစားကွင်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်အားကစားကွင်းသို့ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က **ခရိုင် အဆင့်အားကစားကွင်းဖြစ်သည်နှင့်အညီ အားကစားကွင်းနှင့်အားကစားကွင်းပုံစံအား အဆင့်မီပြုပြင်နိုင်ရေး ခွင့်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပွဲကြည့်ပရိသတ်များ အဆင့်မီမီကြည့်ရှုအားပေးနိုင်ရေး ခရိုင်အဆင့်နှင့်လျော်ညီသည့် ပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း**နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✰ ကျောဖုံးမှ

ယခုအခါ နိုင်ငံတွင်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးအတွက် သက်ဆိုင်သူများပါဝင်သော စီးပွားရေးဖိုရမ်များ၊ ငြိမ်းချမ်းရေးဖိုရမ်များ ကျင်းပ၍ အကောင်းဆုံးသောနည်းလမ်းများကို ဖော်ထုတ် ဆောင်ရွက်လျက်ရှိနေသည်မှာ ပကတိဖြစ်ရပ်များ ပင်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ဖော်ပြပါအပြုသဘောလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအနေဖြင့် တစ်စုံတစ်ရာ အသိအမှတ်ပြုခြင်းမရှိသည်မှာ အထူးစိတ်ပျက်ဖွယ်ရာ ပင်ဖြစ်သည်။ ဤလုပ်ရပ်များသည် ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်မလိုက်မှု၊ အဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးကို လေးစားမှုနှင့် ပွင့်လင်းမြင်သာမှုစသည့် စံနှုန်းများကို သွေဖည် ဆန့်ကျင်လျက်ရှိသည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များ၊ ကပ်ရောဂါဘေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးဖွံ့ဖြိုးတိုးတက်ရေး အရေးကြီး ကိစ္စရပ်များ ဦးစားပေးဖြေရှင်းရမည့်အစား နိုင်ငံ တစ်နိုင်ငံအပေါ် ပစ်မှတ်ထားဆောင်ရွက်မှုများသည် ကုလသမဂ္ဂအပေါ် အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်မှုကို လျော့ကျစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ ပဋိညာဉ် စာတမ်းပါ အခြေခံမူများကို ဆက်လက်လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာ အသိုက် အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် နိုင်ငံ့အရေး ကိစ္စတို့ကို မြန်မာ ဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ် ဆောင်ရွက်မှုများအား အသိအမှတ်ပြု၍ ပူးပေါင်း ပါဝင်ရန် တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်**

# ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကွန်တိန်နာအိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် ၂၀၀ နှင့် တမလန်း ၂၅ ပင်တို့ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံရှိ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ( AML/CFT ) ဆိုင်ရာ အသိပညာပေး သင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်း ရုံးခန်းမ၌ ကျင်းပရာ ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဥက္ကာက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဘာသာရပ်ကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက် ညွှန်ကြားရေးမှူးက ရှင်းလင်းပို့ချသည်။ မွန်းလွဲပိုင်းတွင် သင်တန်းဆင်းပွဲကိုပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင်များ၊ သင်တန်းဆရာတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ အသင်းတွဲဖက် အတွင်းရေးမှူး ဦးအေးချိုက ကျေးဇူးတင်စကား ပြောကြား သည်။ ယနေ့ဖွင့်လှစ်ပို့ချသည့် သင်တန်းတွင် ရွှေဆိုင်ပိုင်ရှင်များ၊ ရွှေကုန်သည်များ၊ ရွှေပန်းထိမ် ပညာရှင်များ၊ ရွှေအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူများ၊ ရွှေချွတ် လုပ်ငန်းရှင်များနှင့် ရွှေအကြောင်း စိတ်ပါဝင်စားသူများ အပါအဝင် စုစုပေါင်းသင်တန်းသား သင်တန်း သူ ၁၅၀ တက်ရောက်ကြသည်။

ဇွန် ၁၁ ရက်တွင် ရွှေပညာဒါန အခမဲ့ အသိပညာပေး သင်တန်းကို ၉ ရက်ကြာ ဆက်လက်ဖွင့်လှစ် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**





# ပေါက်ခေါင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ပေါက်ခေါင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အ.ထ.က(ခွဲ) အမှတ်(၁)ကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီး အရာရှိ ဒေါ်ချစ်နှင်းသုန်က လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး အ.ထ.က(ခွဲ) အမှတ် (၁)ကျောင်း မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ က လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် စည်းကမ်း၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပြောကြားမှု အကြောင်းအရာများ အပေါ် သိရှိလိုသည့် မေးခွန်းများကို ကျောင်းသား ကျောင်းသူလေးများက မေးမြန်းရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ ကြောင်း သိရသည်။

**ဖုန်းကျော်ဇင် (ပြန်/ဆက်)**

အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# ဗိုလ်ချုပ်မျှော်မှန်းချက်များ အလေးထား

စာဖတ်ပရိသတ်တစ်ဦး

**၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့သို့ ရောက်ရှိပြန်တော့မည်။ အာဇာနည်နေ့ရောက်တိုင်း မြန်မာပြည်သူများက လွန်ခဲ့သော ၇၈ နှစ်၊ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က ကျဆုံးခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းဆွတ်အမှတ်ရလေ့ရှိကြသည်။**

သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော၊ အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော တစ်နည်းအားဖြင့် ဗိုလ်ချုပ်လမ်းစဉ်နှင့်ပတ်သက်၍မူ ရေရေရာရာ၊ တိတိကျကျ အမှတ်ရသူများကား နည်းပါးလှပေသည်။

## အမျိုးသားညီညွတ်ရေးကို ရှေးရှု

ဗိုလ်ချုပ်သည် အမျိုးသားညီညွတ်ရေးကို ရှေးရှုသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားသည်။ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝမှ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် နှလုံးရည်အားဖြင့် အမျိုးသားညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံ၍ တည်ဆောက်ခဲ့သည်။

ဗြိတိသျှနယ်ချဲ့သမားက နယ်ချဲ့များပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ (Policy of Divide and Rule) ကို ကျင့်သုံးကာ မြန်မာတိုင်းရင်းသားအချင်းချင်းကြား ရန်တိုက်ပေးပြီး သွေးခွဲခဲ့သည်။ ဖက်ဆစ်တို့ကလည်း ထိုပေါ်လစီကိုပင်ကျင့်သုံးကာ မြန်မာတိုင်းရင်းသားအချင်းချင်းသွေးကွဲအောင် နည်းအမျိုးမျိုးဖြင့်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်က နယ်ချဲ့တို့၏ ပယောဂကြောင့် ပေါ်ပေါက်ခဲ့သော အကွဲအပြဲကို ရင်ကြားစေ့အောင် ဆောင်ရွက်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသောအခါတွင်လည်း ဗိုလ်ချုပ်က ဖဆပလကို ခိုင်မာတောင့်တင်းလာစေရန် စနစ်တကျ ပြန်လည်တည်ဆောက်ခဲ့သည်။ ဖဆပလသည် အမျိုးသားတပ်ပေါင်းစုဖြစ်သည်နှင့်အညီ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ စသောနိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂ၊ အလုပ်သမားအစည်းအရုံး၊ တောင်သူလယ်သမားသမဂ္ဂ၊ တောင်သူလယ်သမား အစည်းအရုံး၊ လူတန်းစားအဖွဲ့အစည်းများ၊ လူငယ်အစည်းအရုံး၊ အမျိုးသမီးအစည်းအရုံး၊ ပြည်သူ့ရဲဘော်စသည့် လူထုအဖွဲ့အစည်းများအပြင် ဦးဘဖေ၊ ဒီးဒုတ်ဦးဘချို၊ ပျော်ဘွယ်ဦးမြ၊ ဟသ်ာတဦးမြ၊ ဂျာနယ်ကျော် ဦးချစ်မောင် စသောတစ်သီးပုဂ္ဂလပုဂ္ဂိုလ်များ၊ နိုင်ငံရေးသမားကြီးများ စသည်ဖြင့် စုပေါင်းဖွဲ့စည်းခဲ့သည်။

ဗဟိုဦးစီးအဖွဲ့တွင်လည်း နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များသာမက တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့်ထင်ရှားသော တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များ၊ နိုင်ငံရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုသို့ကျယ်ပြန့်စွာဖွဲ့စည်းနိုင်ခြင်းသည် ဗိုလ်ချုပ်၏ အမြင်ကျယ်မှုနှင့် အမျိုးသားညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုအလေးထားမှုကြောင့်ဖြစ်သည်။



၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

## တိုင်းပြည်လွတ်လပ်ရေးကိုသာ အဓိကထား

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်ခေါင်းဆောင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရာတွင်လည်း အစိုးရအဖွဲ့ဝင်အများစုမှာ ဖဆပလကိုယ်စားလှယ်များသာမက ဦးစော၊ သခင်ဗစိန်၊ ဆာမောင်ကြီး၊ စောဘဦးကြီးတို့ ပါဝင်ခဲ့ကြသည်။ များစွာသော နိုင်ငံရေးသမားတို့က အာဏာရရေး(ဝါ)အစိုးရဖြစ်ရေးကို မိမိတို့ပန်းတိုင်အဖြစ် သတ်မှတ်လေ့ရှိကြသည်။ ထိုနိုင်ငံရေးသမားများသည် အစိုးရဖြစ်လာသောအခါ မိမိ၏ အစိုးရဘဝကို သာယာလာကြသည်။ ဘဝမြင့်လာ၍ အောက်ခြေလွတ်သွားတတ်ကြသည်။ ဗိုလ်ချုပ်မှုကား အစိုးရဖြစ်ရေးကို အဓိကမထား၊ တိုင်းပြည်လွတ်လပ်ရေးကိုသာ အဓိကထားပြီး လုပ်ငန်းအောင်မြင်ပြီးမြောက်အောင် မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တစ်ဖက်တွင်လည်း အမျိုးသားစည်းလုံးညီညွတ်မှုမပြိုကွဲစေရန် အတန်တန်သတိပေးပြောကြားခဲ့သည်။ အထူးသဖြင့် မြန်မာပြည်တွင် လူမျိုးအချင်းချင်းမကွဲဖို့၊ လူငယ်ပိုင်းဖြစ်သော လက်ဝဲသမားအချင်းချင်း မကွဲဖို့ သတိပေးခဲ့သည်။

**"လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မလုပ်ရင် လွတ်လပ်တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့်ခံစားရမှာ မဟုတ်ဘူး"** (၁၉၄၇ ခုနှစ် မတ်လ၊ ရန်ကုန်မြို့ မြန်မာနိုင်ငံတော် အသံလွှင့်ဌာနမှ အသံလွှင့်ချက်မှ)

**"မြန်မာပြည် လွတ်လပ်တဲ့အချိန်အခါမှာ ဘယ်သူလာပြီးဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတာကို ကျုပ်မလန့်ဘူး။ မြန်မာပြည်လူထုညီညွတ်ဖို့ လိုတယ်။ နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့မလိုဘူး။ ဘယ်သူတွေညီညွတ်ရမယ်ဆိုရင် တက်ခေတ်မြန်မာပြည်မှာ တက်အံ့ဆဲဆဲ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် မြန်မာပြည်ညီညွတ်မှာပဲ။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြချက်မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေရင် အချုပ်အခြာအာဏာပိုင်အဖြစ် ရောက်နိုင်မှာမဟုတ်ဘူး"** (၁၉၄၇ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော နိုင်ငံရေးရှင်းလင်းပွဲမိန့်ခွန်းမှ)

## တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စီမံကိန်းရေးဆွဲခဲ့

ထို့အတူ ဗိုလ်ချုပ်သည် တစ်ဖက်မှ လွတ်လပ်ရေးအတွက်ပြင်ဆင်ရင်း အခြားတစ်ဖက်မှလည်း တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စိုင်းပြင်းခဲ့ရလေသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဆိုရင်တိုဗီလာအဆောက်အအုံ၌ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ ဌာနအသီးသီးမှ ပါရဂူများတက်ရောက်သော ကွန်ဖရင့်ကို ကျင်းပကာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စီမံကိန်းရေးဆွဲခဲ့သည်။

အဆိုပါကွန်ဖရင့်၏ ရည်ရွယ်ချက်မှာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ရေရှည်စီမံကိန်းရေးဆွဲရန်မဟုတ်ဘဲ လက်ငင်းပြဿနာများဖြစ်သော လူနေမှုစရိတ်ကျဆင်းရေး၊ အလုပ်လက်မဲ့ပပျောက်ရေး(သို့မဟုတ်) လျော့ပါးစေရေး၊ သယ်ယူပို့ဆောင်ရေး၊ လူနေအိမ်များအရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေး စသည်တို့အတွက် စီမံကိန်းရေးဆွဲရန်ဖြစ်သည်။

**"နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနဲ့ ကင်းလို့မဖြစ်နိုင်ဘူး။ စီးပွားရေးသဘောတရားတွေကို အခြေခံထားပြီး တိုင်းပြည်တည်မှသာလျှင် တကယ့်ဒီမိုကရေစီနိုင်ငံကို ရောက်အောင်သွားနိုင်မယ်"** (၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် မြွက်ကြားသည့် နှစ်သစ်ကူးမိန့်ခွန်းမှ)

အထက်ပါ သဘောတရားခံယူချက်နှင့်အညီ ဗိုလ်ချုပ်သည် မြန်မာပြည် လွတ်လပ်ရေးရသည့်အခါတွင်လည်း ပြန်လည်ထူထောင်ရေးစီမံကိန်းများကို အမျိုးမျိုးသောနည်းများဖြင့် အတော့်ကို ကြိုးစားလုပ်ကိုင်ပါမှ အနှစ် ၂၀ ကျော်ခန့်ကြာမှ မြန်မာပြည်တော်ရုံရောက်နိုင်မည်။ အခြားလွတ်လပ်သောတိုင်းပြည်များ ခြေတစ်လှမ်းလှမ်းလျှင် ကိုယ့်ခြေကလေး၊ ငါးလှမ်း လှမ်းနိုင်မှ တော်ရုံကျမည်။ မလုပ်လို့ရှိလျှင် ယိုးဒယားတောင်မီမှာမဟုတ်ဟု မကွယ်လွန်မီ တစ်ပတ်ခန့်အလို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ မြွက်ကြားခဲ့သော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲကြီးတွင် နောက်ဆုံးမိန့်ခွန်းအဖြစ် သတိပေးပြောကြားသွားခဲ့သည်။

တစ်ဆက်တည်းမှာပင် မြန်မာပြည်သူအပေါင်းအား ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့၊ ခြိုးခြံသင့်သည့်နေရာတွင် ခြိုးခြံချွေတာဖို့၊ ကိုယ်လိုချင်သည့်ပန်းတိုင်ရောက်အောင် လုံ့လဝီရိယနှင့် ကြိုးစားအားထုတ်လုပ်ကိုင်ဖို့ သတိပေးပြောကြားသွားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်မှာ ယခု ၂၀၂၅ ခုနှစ်ဆိုလျှင် (၇၈) နှစ်တိုင်ခဲ့လေပြီ။ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို မျိုးဆက်အလီလီ၊ အဆက်ဆက်က ယနေ့တိုင် အောက်မေ့တမ်းတ၊ အမှတ်ရနေကြဆဲပင်။ **စာမျက်နှာ ၁၁ သို့** ○

* **"မြန်မာပြည် လွတ်လပ်တဲ့အချိန်အခါမှာ ဘယ်သူလာပြီးဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတာကို ကျုပ်မလန့်ဘူး။ မြန်မာပြည်လူထုညီညွတ်ဖို့လိုတယ်။ နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့မလိုဘူး။ ဘယ်သူတွေ ညီညွတ်ရမယ်ဆိုရင် တက်ခေတ်မြန်မာပြည်မှာ တက်အံ့ဆဲဆဲ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် မြန်မာပြည်ညီညွတ်မှာပဲ။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြချက်မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေရင် အချုပ်အခြာအာဏာပိုင်အဖြစ် ရောက်နိုင်မှာမဟုတ်ဘူး"**
* **"နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနဲ့ကင်းလို့ မဖြစ်နိုင်ဘူး။ စီးပွားရေးသဘောတရားတွေကို အခြေခံထားပြီး တိုင်းပြည်တည်မှသာလျှင် တကယ့်ဒီမိုကရေစီနိုင်ငံကို ရောက်အောင်သွားနိုင်မယ်"**

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေ အတိုး၊ အရင်း မပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်း များမှ ငွေကျေးဘဏ် အမှန်တကယ်ထိခိုက်ခံစား ခဲ့ရသည့် ကုမ္ပဏီ/လုပ်ငန်းများကို ချန်လှပ်၍ ကျန်လုပ်ငန်းများကို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူရန်ကိစ္စ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး ကဏ္ဍနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာ ကဏ္ဍတို့သည် ချေးငွေသက်တမ်းကာလ ပြည့်မြောက် နေပြီဖြစ်သည့်အတွက် ချေးငွေများ ပြန်လည်ကောက်ခံ ရန်ကိစ္စ၊ နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေနှင့် အထွေထွေ ပိုလျှံရန်ပုံငွေသို့ ပြန်လည်ကောက်ခံရရှိမှုနှင့် ပေးသွင်းပြီးစီးမှုအခြေအနေ၊ ပေးဆပ်ရန်ကျန်ရှိမှုကိစ္စ တို့ကို ဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွ မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/လုပ်ငန်းများမှ အတိုး၊ အရင်းကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာန များ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများနှင့် ချေးငွေ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သူများကို စီမံခန့်ခွဲမှု နည်းလမ်းဖြင့် အရေးယူဆောင်ရွက်နိုင်မှု အခြေအနေ တို့ကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူ များက ချေးငွေပြန်လည်ပေးဆပ်မှုမရှိသည့် ကုမ္ပဏီ/ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီက စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များ၊ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်း စေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တို့ကို ညှိနှိုင်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၌ သုံးထပ် စာသင်ဆောင်တည်ဆောက်ရေး ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အေးချမ်းစွာပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေး စကားပြောကြားသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း၌ ပညာရေးစုံညီခန်းမတည်ဆောက်ရေး အတွက် မြေနေရာချထားမှုပုံစံများကို ကြည့်ရှုစစ်ဆေး ပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်း နှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ ပညာရေးဒီဂရီ ကောလိပ်မှ သင်တန်းသား သင်တန်းသူများ လက်တွေ့ တန်းပြဆင်း လေ့ကျင့်သင်ကြားပို့ချနေမှုကိုလည်း ကောင်း၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ် ဘောလုံး အားကစားကွင်းနှင့် ပွဲကြည့်စင်တည်ဆောက်နေမှု ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ယင်းနောက် မိတ္ထီလာတက္ကသိုလ်၌ တက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ Recreation Center တည်ဆောက်နေမှုနှင့် စာသင်ဆောင်အသစ် တည်ဆောက်မည့်နေရာရွေးချယ်ထားရှိမှုကို ကြည့်ရှု စစ်ဆေးပြီး ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ စာမျက်နှာ ၁၀ မှ

သို့ရာတွင် မြန်မာ့နိုင်ငံရေးရာသည် ရှေးယခင်မှ ယနေ့တိုင် များသောအားဖြင့် မူကိုစွဲကိုင်သော နိုင်ငံရေးမဟုတ်မူဘဲ ပုဂ္ဂိုလ်စွဲနိုင်ငံရေးမျှသာဖြစ် သည့်အလျောက် ဗိုလ်ချုပ်၏ပညာရှင်ဆန်သော အတွေးအခေါ်များ၊ အနာဂတ်နိုင်ငံတော်အတွက် ဗိုလ်ချုပ်၏ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ၊ မထောက်မညှာ ဘွင်းဘွင်းရှင်းရှင်း သတိပေး မှာကြားချက်များနှင့်စပ်လျဉ်း၍မူ အမှတ်ရမူ၊ လိုက်နာအကောင်အထည်ဖော်မှုတို့တွင် အားနည်း ခဲ့ကြသည်ဟု ဆိုရပေမည်။

❝ မြန်မာ့နိုင်ငံရေးရာသည် ရှေးယခင်မှ ယနေ့တိုင် များသောအားဖြင့် မူကိုစွဲကိုင်သော နိုင်ငံရေးမဟုတ်မူဘဲ ပုဂ္ဂိုလ်စွဲနိုင်ငံရေးမျှသာဖြစ်သည့် အလျောက် ဗိုလ်ချုပ်၏ပညာရှင်ဆန်သော အတွေးအခေါ်များ၊ အနာဂတ် နိုင်ငံတော်အတွက် ဗိုလ်ချုပ်၏ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ၊ မထောက်မညှာ ဘွင်းဘွင်းရှင်းရှင်း သတိပေးမှာကြားချက်များနှင့်စပ်လျဉ်း ၍မူ အမှတ်ရမူ၊ လိုက်နာအကောင်အထည်ဖော်မှုတို့တွင် အားနည်းခဲ့ကြ ❞

ယခုမှမဟုတ်၊ ရှေးယခင်ကတည်းက ဖြစ်ခဲ့၍ ကာတွန်းပညာရှင်ကြီး ဆရာကြီး ဦးဘဂျမ်းကပင် လျှင် အာဇာနည်နေ့အခမ်းအနားတွင် လာရောက် အလေးပြုကြပြီးနောက် ယခင်အတိုင်း နေမြဲ၊ စားမြဲ၊ စည်းကမ်းမဲ့ကြစမြဲဟူ၍ ကာတွန်းရုပ်ပြောင်ဖြင့် ဝေဖန်ထောက်ပြခဲ့သည်။

## မှတ်တမ်းတင်၍ ကုန်နိုင်ဖွယ်မရှိ

စာရေးဆရာကြီး မောင်ထင်ကလည်း "ဗိုလ်ချုပ် ကိုရည်စူး၍ ငါတို့ဘာတွေလုပ်နေကြသလဲ" ခေါင်းစဉ်ဖြင့် **"ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဆောင်ရွက်ပေးခဲ့သည်တို့ကို စာရင်းတင်ပြဟု ဆိုလျှင် သမိုင်းတစ်လျှောက်လုံး၌ မှတ်တမ်းတင်၍ ကုန်နိုင်ဖွယ်မရှိချေ။ ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ် လုပ်ဆောင်ခဲ့သမျှကို ကျွန်ုပ်တို့က အပြန်အလှန် အားဖြင့် ကျေးဇူးဆပ်ဖို့ရှိသည်။ ထို့ကြောင့် ဦးပုကလေးက ငါတို့ဗိုလ်ချုပ်အတွက် ဘာတွေလုပ်ခဲ့ သလဲဟု မေးမြန်းလိုက်သောအခါ ကျွန်တော်က** လည်း ငါတို့ဗိုလ်ချုပ်ကျေးဇူးကို သိသောအားဖြင့် ဘာတွေလုပ်နေကြသနည်းဟု မေးလိုက်ချင်သည်။

ယုတ်စွအဆုံး ဗိုလ်ချုပ်မှာခဲ့သော စည်းကမ်း ကိုပင်လျှင် အမြတ်တနိုးလိုက်နာကြမည်ဆိုပါက ဗိုလ်ချုပ်မျှော်မှန်းသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက် နေသောစီမံကိန်းအဝဝတို့သည် နိုင်ငံသူ နိုင်ငံသား တို့ကို ကောင်းကျိုးပေးလျက်ရှိနေကြလိမ့်မည်။

ထို့ကြောင့် ဤခေတ်ဤအခါ၌ ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲဟုတွေး၍ ငေး၍ မနေကြပါနှင့်။ ငါတို့ဗိုလ်ချုပ်ကို ဘာတွေလုပ်နေကြသလဲဟု အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်ဖို့သာကောင်း သည်"ဟူ၍ ရေးသားခဲ့ပေသည်။

ထို့အတူ ဆရာကြီးမောင်ထင်က "ဗမာ့နိုင်ငံရေး သုခမိန်" စာအုပ်တွင်လည်း "ဗိုလ်ချုပ်အား တကယ် ချစ်ပါသည်၊ ခင်ပါသည်၊ သတိရပါသည်ဟုဆိုလျှင် ပညာရှင်ဆန်သော ဗိုလ်ချုပ်၏ အတွေးအခေါ်များ ရင့်သန်လာခဲ့သည့်နည်းတူ လူထု၏စဉ်းစားဉာဏ် လည်း ရင့်သန်လာကြစေရန် လူထုတစ်ရပ်လုံး ကြိုးစားသင့်လှပေသည်။

နိုင်ငံရေးသမား ပေါသလောက်၊ နိုင်ငံရေး သုခမိန်ရှားလှသော ဤနိုင်ငံတွင် နိုင်ငံရေး သုခမိန် များ ထွန်းပေါ်လာပါစေရန် ရည်သန်၍ ကျွန်တော် မှတ်မိသမျှဗိုလ်ချုပ်၏ ဟောပြောချက်၊ ကြေညာ ချက်၊ မိန့်ကြားချက်တို့ကို ယခုတင်ပြပါသည်"ဟူ၍ ရေးသားခဲ့ပေသည်။

သို့ဖြစ်ရကား မြန်မာပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် ပုဂ္ဂိုလ်ရေးရှုထောင့်မှ ချဉ်းကပ်မှုထက် ဗိုလ်ချုပ်၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ၊ မိန့်မှာချက်များကို အလေးထား ဖို့လိုသည်။ လိုက်နာဖို့လိုသည်။

နိုင်ငံရေးခေါင်းဆောင်များ အနေဖြင့်လည်း **"တိုင်းပြည်ပြန်လည်ထူထောင်ရာမှာ အခု ရှုရှား ပြည်သစ်တည်ခါစကလို၊ အခု ဘိလပ်မှာဖြစ်နေသလို လူတွေဟာ ခြိုးခြံသည်းခံပြီး ဖွဲနပဲနဲ့ စိစစ်ဆောင် ရွက်လုပ်ကိုင်နိုင်မှ လောင်စာကျပြီး ပြာပုံအတိဖြစ် နေတဲ့ မြန်မာပြည်ကြီးကို စည်ပင်သာယာဝပြော အောင် မနည်းကျုပ်တို့လုပ်ရလိမ့်မယ်ဆိုတာကို ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြ ပြီး သတ္တိရှိရှိလုပ်ပြရလိမ့်မယ်"**ဟူသည့် ဗိုလ်ချုပ်၏ မိန့်မှာချက်များအတိုင်း လူထုကို ရှေ့ဆောင်လမ်းပြ ၍ လုပ်ကိုင်ကြရန် လိုအပ်ပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဗိုလ်ချုပ် မိန့်မှာချက် အတိုင်း **"အတော့်ကိုပြအောင်"** ကြိုးစားလုပ်ကိုင်ကြ ရမည့်အစား ကျဉ်းမြောင်းသောလူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကို ရှေ့တန်းတင်ခဲ့မှု ကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု ပျက်ပြား ကာ လက်နက်ကိုင်ပဋိပက္ခကို ခေတ်အဆက်ဆက် ဖော်ဆောင်ခဲ့ကြသဖြင့် အမိမြန်မာနိုင်ငံတော်သည် လက်ရှိကာလတွင် ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်ကို အလေးအနက်ဆင်ခြင်စဉ်းစားပြီး အချိန်မနှောင်း သေးမီ ပြင်ဆင်သင့်သည်များကိုပြင်ဆင်၍ အမိ မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံသားအားလုံး တက်ညီလက်ညီ၊ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရန် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခါ သမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ငလျင်ဘေးဒဏ်သင့် အပြာရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ဒဏ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံများတွင် သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအတည်ပြုပြီး အပြာရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ၌ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြာရောင်အဆင့် သတ်မှတ်ထားသော ဝန်ထမ်းအိမ်ရာ အဆောက်အအုံများဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘူးကွဲအိမ်ရာရှိ တိုက်အမှတ်(၅၃၅၀) နှင့် တိုက်အမှတ်(၅၃၅၁)တို့တွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများ၊ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို တာဝန်ယူပြုပြင်ဆောင်ရွက် ပေးလျက်ရှိသည့် Myanmar Peach Co.,Ltd ၏ ပြုပြင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အန္တရာယ်ကင်းရှင်းစေရေးနှင့် မိုးလုံလေလုံဖြင့် လုံလုံခြုံခြုံနေထိုင်နိုင်စေရေး၊ ရေ၊ မီးသုံးစွဲမှုများ အဆင်ပြေစေရေး၊ ရေလိုင်း၊ မီးလိုင်းများ ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များအား ပြန်လည်ပြုပြင် ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားပြီး ဝန်ထမ်းများ၏အခက်အခဲများနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ



မြိတ် ဇူလိုင် ၁၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်၊ တနင်္သာရီ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ) ဦးကိုကိုလွင်က မဲပေးစက်တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ယခုသင်တန်းတွင် စနစ်တကျသင်ကြားပြသပေးမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က MEVM စက်အသုံးပြုရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် ဖိတ်ကြားထားသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့် အစီအစဉ်များအတိုင်း မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ အီလက်ထရောနစ်မဲပေးစက် အသုံးပြုမှုနည်းပြဆရာဖြစ်သင်တန်းကို သင်တန်းကာလသုံးရက်ဖွင့်လှစ်၍ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၁၀

ဒဂုံတက္ကသိုလ်၌ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဖြူစုအောင်က အာဇာနည်နေ့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို တက္ကသိုလ်အဆင့်စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အေးမဥ္ဇူ**

# ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂ / ၂၀၂၅ )
၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လ ၁၀ ရက် )

**ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၄၅၉)တွင် ပါတီရုံးချုပ်(ယာယီ)ဖွင့်လှစ်ထားရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]** ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]** ၏ မှတ်ပုံတင်အမှတ်မှာ ( ၅၇ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# ဘားအံမြို့တွင် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၀ ရက်က အမှတ်( ၁၂) ရပ်ကွက်အတွင်း တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမြို့တော်တစ်ခု ထူထောင်မည်



**ဂါဇာစီးတီး ဇူလိုင် ၁၀**

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမြို့တော်တစ်ခု ထူထောင်မည့် အစီအစဉ်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ထောက်ခံကြောင်း အစ္စရေးမီဒီယာတစ်ခုက သတင်းဖော်ပြသည်။

အဆိုပါအစီအစဉ်ကို အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကာ့ဇ်က တင်ပြခဲ့ခြင်းဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမြို့တော်ကို ရာဖာမြို့၌ တည်ဆောက်မည်ဖြစ်ပြီး ဂါဇာဒေသခံပြည်သူအားလုံးသည် တောင်ဘက်သို့ ပြောင်းရွှေ့နေထိုင်ရမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်တွင် ဖော်ပြထားသည်။

ထို့ပြင် မြောက်ပိုင်းဒေသတွင် ကျန်ရှိနေသည်ဟု ယူဆရသော ဟားမတ်စ်အဖွဲ့ကို နှိမ်နင်းမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကာ့ဇ်က ပြောကြားသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမြို့တော်သို့ ဝင်ရောက်ပြီးသည့် ဒေသခံများကို ပြန်လည် ထွက်ခွာခွင့် ပြုမည်မဟုတ်ကြောင်းလည်း အစ္စရေး ကာကွယ်ရေးဝန်ကြီး အစ္စရေးကာ့ဇ်က ပြောကြားသည်။

ဂါဇာ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား သွယ်ဝိုက်သော ဆွေးနွေးမှုများကို ကာတာတွင် ပြုလုပ်လျက်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဝန်ကြီးချုပ် နေတန်ယာဟုတို့ကလည်း ဝါရှင်တန်၌ ဇူလိုင် ၈ ရက်က ဂါဇာအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၇၀၀၀ ခန့်ရှိ



**ဖနောင်ပင် ဇူလိုင် ၁၀**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၇၀၀၀ ခန့်ရှိပြီး ယမန်နှစ် အလားတူကာလအတွင်း ဖြစ်ပွားမှုအရေအတွက်နှင့် တူညီကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။

သို့သော် ယမန်နှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း သေဆုံးသူအရေအတွက်သည် ၂၃ ဦးရှိခဲ့ရာမှ ယခုနှစ် အဆိုပါကာလအတွင်း ၁၅ ဦးအထိ လျော့ကျခဲ့ကြောင်း အမျိုးသား ငှက်ဖျားရောဂါ ထိန်းချုပ်ရေးဗဟိုဌာန ဒါရိုက်တာ ဟွေရီကော်က ပြောသည်။

ထို့ပြင် ယခုနှစ်သေဆုံးသူများတွင် ကလေးငယ်အများဆုံးပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အုပ်ထိန်းသူများသည် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံစားနေရသည့်ကလေးငယ်များကို ဆေးရုံသို့ အချိန်နောက်ကျမှ ပို့ဆောင်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မိဘများ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများ အနေဖြင့် ၎င်းတို့၏ ကလေးများကို သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသည်ဟု သံသယရှိပါက ၄၈ နာရီအတွင်း ကျန်းမာရေးဌာန သို့မဟုတ် ပြည်နယ်ဆေးရုံများသို့ ပို့ဆောင်သင့်ကြောင်း ဟွေရီကော်က ဆက်လက်ပြောသည်။

နေအိမ်ပတ်ဝန်းကျင်ရှိ ရေမြောင်းများနှင့် ဗွက်အိုင်များသည် ခြင်ပေါက်ဖွားရာအဓိကနေရာများဖြစ်ခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို စွမ်းစွမ်းတမံဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

သွေးလွန်တုတ်ကွေးရောဂါသည် အေဒီးစ် (Aedes) ခြင်ကိုက်ခံရခြင်းမှ တစ်ဆင့် ကူးစက်သောဗိုင်းရပ်စ်ရောဂါဖြစ်ပြီး ရောဂါကူးစက်ခံရပါက ခေါင်းကိုက်ခြင်း၊ အဖျား ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်မားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ ကြွက်သားနှင့် အဆစ်အမြစ်များ နာကျင်ခြင်း၊ ဂလင်းများ ရောင်ရမ်းခြင်း၊ အော့အန်ခြင်းနှင့် အနီအစက်အပြောက်များ ထွက်ပေါ်လာခြင်းစသည့်လက္ခဏာများ ခံစားရမည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးကာလသည် မေလမှ အောက်တိုဘာလအထိ မိုးရာသီကာလဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဧပြီလနှောင်းပိုင်းမှစတင်၍ ကူးစက်မှုမြင့်တက်လာပြီး မိုးရွာသွန်းမှုကြောင့် ဆက်လက်မြင့်တက်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားနိုင်ငံမှ ကျွမ်းဘားအားကစားသမားများအား တရုတ်နိုင်ငံသို့စေလွှတ်

**ဖနောင်ပင် ဇူလိုင် ၁၀**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားနိုင်ငံမှ ကျွမ်းဘားအားကစားသမားလေးဦးကို တရုတ်နိုင်ငံတွင် ကြိုတင်လေ့ကျင့်မှုများဆောင်ရွက်ရန်အတွက် စေလွှတ်ခဲ့ကြောင်း ကမ္ဘောဒီးယားအမျိုးသားအိုလံပစ်ကော်မတီ၏ ထုတ်ပြန်ချက်အရသိရသည်။

၎င်းအားကစားသမားများသည် တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်ရှိ ရှန်တူး အားကစားကျောင်းတွင် လေ့ကျင့်မှုများဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် နွိုင်ဖန်နာက ပြောကြားသည်။

## ကြိုးပမ်းဆောင်ရွက်မည်

တရုတ်နိုင်ငံတွင် လေ့ကျင့်မှုများဆောင်ရွက်ခြင်းဖြင့် အားကစားသမားများ၏ စွမ်းဆောင်ရည်နှင့် နည်းစနစ်ပိုင်းတွင် တိုးတက်မှုများရှိလာမည်ဖြစ်ကြောင်းနှင့် ၎င်းအားကစားသမားများသည် ယခုနှစ် ဒီဇင်ဘာလတွင်ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံတွင်ယခုကဲ့သို့လေ့ကျင့်မှုများဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်ကြောင်း အားကစားသမားတစ်ဦးဖြစ်သည့် တန်းဗင်ဒက်က ပြောကြားသည်။ မိမိ၏စွမ်းရည်များကို မြှင့်တင်မည်ဖြစ်ပြီး ပြိုင်ပွဲများတွင် ဆုများရရှိရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# တရုတ်နိုင်ငံ၏ ရှန်ကျိုး ၁၉ အာကာသယာဉ်မှ အာကာသယာဉ်မှူးများ မီဒီယာနှင့်တွေ့ဆုံ




**ပေကျင်း ဇူလိုင် ၁၀**

တရုတ်နိုင်ငံ၏ ရှန်ကျိုး ၁၉အာကာသယာဉ်မှ အာကာသယာဉ်မှူးသုံးဦးသည် ပေကျင်းတွင် ဇူလိုင် ၉ရက်က မီဒီယာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယခုတွေ့ဆုံမှုသည် ယခုနှစ် ဧပြီလအတွင်းက ရှန်ကျိုး ၁၉ အာကာသယာဉ် ကမ္ဘာမြေပြင်သို့ ပြန်လည်ရောက်ရှိပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

လက်ရှိအချိန်တွင် ကျန်းမာရေးစစ်ဆေးချက်များအရ အာကာသယာဉ်မှူးများဖြစ်သည့် ကိုင်ဇူဇေး၊ ဆောင်လင်တုန်းနှင့် ဝမ်ဟိုဇေးတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်နေကြောင်း သိရသည်။ ရှန်ကျိုး ၁၉ အာကာသယာဉ်အား ယမန်နှစ် အောက်တိုဘာ ၃၀ရက်က လွှတ်တင်ခဲ့ပြီး တရုတ်အာကာသစခန်း၏ အစိတ်အပိုင်းဖြစ်သည့် တိုင်ဟီနှင့် အောင်မြင်စွာ ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းအာကာသယာဉ်မှူး သုံးဦးသည် အာကာသထဲတွင် လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ခဲ့ပြီးနောက် ယခုနှစ် ဧပြီ ၃၀တွင် ကမ္ဘာမြေပြင်သို့ ၎င်းအာကာသယာဉ် အောင်မြင်စွာ ဆင်းသက်ခဲ့သည်။ အာကာသပတ်လမ်းထဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ရက်ပေါင်း ၁၈၃ ရက်အတွင်း မိမိတို့သည် အာကာသယာဉ်မှ ထွက်ခွာ၍ အာကာသထဲတွင် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သုံးကြိမ်တိုင် အောင်မြင်စွာဆောင်ရွက်ခဲ့ကာ သိပ္ပံဆိုင်ရာ လက်တွေ့စမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ကြောင်း ရှန်ကျိုး၁၉ အာကာသယာဉ်မှ တာဝန်ခံ ကိုင်ဇူဇေးကပြောကြားသည်။ ကိုင်ဇူဇေးသည် ယခင်ကလည်း ရှန်ကျိုး ၁၄အာကာသယာဉ်တွင် အာကာသယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပထမအကြိမ် အာကာသထဲသို့ရောက်ရှိသည့်အချိန်နှင့် ယခုအကြိမ် ထပ်မံရောက်ရှိသည့် အတွေ့အကြုံမတူပဲ မြင့်မားသည့် အဆင့်တစ်ခုသို့ရောက်ရှိသည့် အတွေ့အကြုံကိုတွေ့ကြုံရကြောင်း၎င်းက ပြောကြားသည်။ ရှန်ကျိုး ၁၉ အာကာသယာဉ်မှူးများသည် အာကာသယာဉ်ပြင်ပရှိ အာကာသထဲတွင် ကိုးနာရီကြာ စံချိန်တင်နေထိုင်၍ လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပြီး ယခုကဲ့သို့ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အာကာသယာဉ်မှူးများနှင့် မြေပြင်အာကာသစခန်းရှိ တာဝန်ရှိသူများအကြား ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်ကြောင်း အာကာသယာဉ်မှူး ကိုင်ဇူဇေးက ပြောကြားသည်။ ယခုကဲ့သို့ အာကာသထဲတွင် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် အာကာသဝတ်စုံများ၏ အရည်အသွေးကောင်းမှုနှင့် တရုတ်နိုင်ငံ၏ အာကာသနည်းပညာ အဆင့်မြင့်မှုကို ပြသနေကြောင်း၎င်းက ပြောကြားသည်။ ရှန်ကျိုး ၁၉အာကာသယာဉ်မှ အာကာသယာဉ်မှူးများသည် အာကာသထဲတွင် ကန့်စွန်းဥများကို အောင်မြင်စွာစိုက်ပျိုးခဲ့ပြီး ကန့်စွန်းဥများ အညှောင့်ပေါက်ချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းများကို မှတ်တမ်းတင်ခဲ့ကြောင်း အာကာသယာဉ်မှူးတစ်ဦးဖြစ်သည့် ဆောင်လင်တုန်းက ပြောကြားသည်။

ယခုကဲ့သို့သော အာကာသဆိုင်ရာ လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြောင်းနှင့် တရုတ်နိုင်ငံ၏အာကာသသိပ္ပံကဏ္ဍတွင် အောင်မြင်မှုများ ထပ်မံရရှိမည်ဟု ယုံကြည်ကြောင်း အာကာသဆိုင်ရာ အင်ဂျင်နီယာဖြစ်သည့် အာကာသယာဉ်မှူး ဝမ်ဟိုဇေးက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန် -စိုးသူရ

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ ဇင်ကိုဦး မောင်းနှင်ပြီး အောင်မင်းသူ လိုက်ပါလာသော NISSAN ၁၂ ဘီး ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း (ဋ္ဌေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၀၇ ဘီလီယံ) သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို သယ်ဆောင်ခိုင်းသူ စိန်ကျော်ဝင်းအား ဇွန် ၂၇ ရက် ည ၁၀ နာရီတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၄)ရှိ ၎င်း၏ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



တရားခံ စိန်ကျော်ဝင်း၊ အောင်မင်းသူ(ခ)ခန့်ပိုင်နှင့် ဇင်ကိုဦး(ခ) မဲကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၃ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၁၅၃၄၁၅၃၄ ကျပ်)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၂၄၂၈၀၁၃၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၁၄၇၇၇၆၉၅၆၄ ကျပ် )ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



သီလဝါဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၂၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉,၃၀၁,၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၃၈ တန်၊ သစ်မာ ၁ ဒသမ ၁၅၈ တန်၊ အခြားသစ် ၁ ဒသမ ၉၀၉ တန် စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေ ၂၆၆၅၅၀၇ ကျပ် )ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ခုနစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၅ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၅၃၉၇၃၆၀၇၁ ကျပ် )ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သစ်များသိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန်၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁ဒသမ ၉၆၉၆ တန်၊ သစ်မာ ၁ ဒသမ ၀၁၆၆ တန်၊ အခြားသစ် ၁ ဒသမ ၃၇၀၀ တန် စုစုပေါင်း ၄ဒသမ၃၅၆၂ တန် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။




သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၇-၂၀၂၅ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ စာပဒေသာ ... ဝေဆာစေမည်
- ၀၉:၄၀ Soccer View
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၂၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမန္တလေး' (အပိုင်း ၁၅+၁၆)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၅ တရုတ်နိုင်ငံ၏ပထမဆုံးကော်ဖီရွာလေး (အပိုင်း-၁)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၂၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ရောင်တော်ဖွင့်' ဓမ္မပူဇာတေးဂီတပျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Thatta Htar Na
- 07:10 Let's go to....Natural Paradise
- 07:40 Myanmar Masterclass 'Caricature'
- 07:48 Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan
- 08:01 News
- 08:26 The Yangon Zoo & The Adorable Lady Elephant "Mo Mo"
- 08:50 Traditional Myanmar Theatrical Performance
- 09:01 Thatbyinnyu Temple
- 09:15 Turning Trash into Better Tomorrow
- 09:39 Myanmar Traditional Brass Embossed Painting
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက (ရခိုင်)
- ၀၆:၅၀ ဇာတ်လမ်းတွဲတို **'အလိုအဝ်ဆုံးသောအရာ'**
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ **'ထာဝရမန္တလေး'** အပိုင်း(၁၃)(၁၄)
- ၀၈:၅၀ ရုပ်စုံသဘင် 'ငါးပါးအကျရာဇာတ်တော်ကြီး'
- ၁၀:၁၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) **'ခရီးသွားစိးခိုးတန်းများ'**
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ **'ထာဝရမန္တလေး'** အပိုင်း(၁၅)(၁၆)
- ၂၁:၀၀ 'ရောင်တော်ဖွင့်' ဓမ္မပူဇာ တေးဂီတ ပျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့

**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကွမ်းသီးလုပ်ငန်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝပိကျောင်းများ ပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အိမ်နောက်ဖေးတွင် ရေးဆိုင်တည်ခြင်း

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကင်ဆာရောဂါအကြောင်း သိကောင်းစရာ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှေးခေတ် ချင်း(ချိုး)တို့၏ ပေတ္တာမျှတေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သခွားသီးနှင့်ပဲပုတ်သုပ်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြုံးပဒေသာ (ဇာတ်လမ်း)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
'တိုင်းမောဝ်း' မောရှမ်းတိုင်းရင်းသားတို့၏ဝတ်စား ဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အစားအသောက်ဆိုင်ရာ အခေါ်အဝေါ်များ)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ငါးပေါင်းချက်စားကြမယ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **(ကိုရီးယားနိုင်ငံ)**
- ၀၉:၃၀ ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို **'အဝယ်ပလော့နဲ့'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **(ဂျပန်နိုင်ငံ)**
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၆)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ မျိုးကောင်းမျိုးသန့်စိုက်ပျိုးအထွက်တိုးမယ့် ရွှေနေကြာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ June Tour of Our South Garden
- ၁၉:၁၅ Modern Agriculture Machines That Are At Another Level - 5
- ၂၀:၀၀ ရှယ်လီကောသာ (ဇာတ်လမ်း)
- ၂၂:၀၀ A Little things called love (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၂:၀၀ AYA Bank Women Futsal League (Divine FC Vs YRG FC)
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး စုစုပေါင်း နှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့




အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၀၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင်အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "အာရီး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သံဖြူရုံကျေးရွာနေ စိုးမင်းနိုင်(ခ)အာရီးအား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် ခမုံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ဇူလိုင်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက် ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လျှပ်စစ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လျှပ်စစ်သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်က လျှပ်စစ်နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ASR level 1, 2 , 3 , 4 , 5 တို့ကို ရှင်းလင်းတင်ပြခြင်း၊ ကျောင်းသား ကျောင်းသူများက လူနာလက်တွေ့သယ်ဆောင်ခြင်း၊ ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက Power Unit အသုံးပြု၍ ကယ်ဆယ်ရှာဖွေခြင်း၊ ရေဘေးကယ်ဆယ်ရေးအတွက် Life Jacket ဝတ်ဆင်သရုပ်ပြခြင်း၊ လျှပ်စစ်အချက်ပေးခရာဖြင့်အချက်ပေး၍ ကျောင်းသား ကျောင်းသူများက လျှပ်စစ်လှုပ်ခတ်နေစဉ် နေရာယူခြင်းစသည်တို့ကို သရုပ်ပြသလေ့ကျင့်ခဲ့မှုများ ဆောင်ရွက်ခြင်းနှင့် လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ





# ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

ကျုံပျော် ဇူလိုင် ၁၀

၂၀၂၅ ခုနှစ် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား (၃)မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

**အနိုင်ရရှိ**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး အားကစားသမားများက သစ္စာအဓိဋ္ဌာန်ရွက်ဆိုကာ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ခဲ့သည်။ ယနေ့ပြိုင်ပွဲတွင် ကျောင်းကုန်းမြို့နယ် အမျိုးသမီးအသင်းနှင့် ရေကြည်မြို့နယ် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ ကျောင်းကုန်းမြို့နယ်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် မိုးနဲမြို့ ယာစပါးမျိုးသန့်ပွားစံပြစိုက်ခင်း စိုက်ပျိုးထားရှိမှု ကြည့်ရှုအားပေး

**မိုးနဲ ဇူလိုင် ၁၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အတွင်းရေးမှူး၊ ဌာနဆိုင်များနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီက နမ့်စန်ခရိုင် မိုးနဲမြို့နယ် မယ်ဇလီမြိုင်ကျေးရွာတွင် တောင်သူ ဦးစိုင်းလူ စိုက်ပျိုးထားသည့် ယာစပါး မျိုးသန့်ပွားစံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုသည်။

**ပေးအပ်**

ထို့မှတစ်ဆင့် နမ့်စန်မြို့နယ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးသို့ ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာတွင် ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပျိုးပင်များ စိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့မှတစ်ဆင့် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သည့် မျိုးစေ့၊ မြေသြဇာ ချီးမြှင့်ပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့နှင့် မြေသြဇာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# တပ်ကုန်းမြို့နယ်၌ တစ်နှစ် သုံးသီးစားသီးနှံစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံ

**တပ်ကုန်း ဇူလိုင် ၁၀**



နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ နွေ၊ မိုး၊ ဆောင်းရာသီပြည့် တစ်နှစ်သုံးသီးစားသီးနှံစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံခြင်းကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၃ နာရီက သပြေချောင်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမ၌ တွေ့ဆုံခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ အခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သော သီးနှံများနှင့်သား၊ ငါး ကဏ္ဍများ ဖွံ့ဖြိုးလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံများ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများနှင့်အညီ စိုက်ပျိုးဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းက မျိုးကောင်း၊ မျိုးသန့်စိုက်ပျိုးပါက ရရှိလာမည့် အကျိုးကျေးဇူးများ၊ အဓိကသီးနှံ စပါး၊ မြေပဲ၊ နှမ်း စသည့်သီးနှံ ၁၀ မျိုး ရှင်းလင်းပြောကြားခဲ့ပြီး သပြေချောင်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်တောင်သူများ၏ မေးမြန်းချက်များကို နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် သပြေချောင်းကျေးရွာအနီး ရန်ကုန် - မန္တလေး လမ်းဟောင်းဘေး သပြေချောင်းကျေးရွာ တောင်သူ ဦးထွန်းငွေ၏ မိုးစပါး ခုနစ်ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဥတ္တရသီရိမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ကွမ်းခြံစုကျေးရွာ၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်သူ ဦးကျော်ရွှေ၏ စံပြကွက်စိုက်ခင်း ငါးဧက၌ ကျင်းပသည်။

အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းယု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်နှင့် ကွင်းတာဝန်ခံဝန်ထမ်းများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စပါးမျိုးကွဲ (ထိုင်းနံ့ကောက်မျိုး) တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစိုတင်း ၁၃၀၊ အခြောက် ၁၁၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**






# ရွှေဘိုပေါ်ဆန်းစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ရွှေဘိုပေါ်ဆန်းစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စိမ်းစားပင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက မျိုးစေ့နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက စိမ်းစားပင်ကျေးရွာမှ တောင်သူများအား ကွန်ပေါင်းဓာတ်မြေသြဇာ၊ ယူရီးယားဓာတ်မြေသြဇာ၊ သဘာဝမြေဆွေးနှင့် ပေါ်ဆန်းရင်စပါးမျိုးတစ်ဧက တစ်တင်းနှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# မိုးညှင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကျင်းပ

**မိုးညှင်း ဇူလိုင် ၁၀**



ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲက ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက် ၁၀ နာရီတွင် ရွာသစ်ကြီးကျေးရွာအုပ်စုမှ တောင်သူ ၁၂၉ ဦး စိုက်ဧက ၈၅၂ ဧက အတွက် ချေးငွေကျပ် ၁၂၇၈ သိန်း ထုတ်ချေးပေးလျက်ရှိသည်။

ဦးစွာ ကချင်ပြည်နယ်မန်နေဂျာ ဦးစိုးကိုကိုဝင်းက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများကို ပေးအပ်ရာ ပြည်နယ်မန်နေဂျာ ဦးစိုးကိုကိုဝင်း၊ ခရိုင်ဘဏ်(ခွဲ) မန်နေဂျာနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား သတ်မှတ် စည်းကမ်းချက်များနှင့်အညီ လက်ဝယ်အရောက် ထုတ်ချေးပေးသည်။

မိုးညှင်းခရိုင်ဘဏ်(ခွဲ)အနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၂ အုပ်စုမှတောင်သူ ၃၆၀၀ အား တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်းဖြင့် မိုးစပါးစိုက်ဧက ၂၆၇၀၀ အတွက် ချေးငွေစုစုပေါင်း ငွေကျပ်သိန်းပေါင်း လေးသောင်းကျော်ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Seal အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့နှင့် 43 coffee Factory ကော်ဖီဆိုင်

**ဒေါက်တာသန့်စင် (ရူပဗေဒ)**

ကျွန်တော်တို့မိသားစုသည် ၂၀၂၅ ခုနှစ် ဧပြီလကုန်မှ မေလဆန်းအထိ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ (Danang)သို့ အလည်အပတ်ခရီး ထွက်ခဲ့ပါသည်။ ဒါနန်းမြို့ FIVITEL Hotel တွင် တည်းခိုကြပါသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာအပါအဝင် ဖွဲ့စည်းထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဘဏ်စာရင်းအရ လူဦးရေ ၁၀၀ ဒသမ ၄ သန်းခန့် ရှိပါသည်။ စတုရန်းမိုင် ၁၂၈၀၀၀ ခန့် ကျယ်ဝန်းပါသည်။ မြို့တော်မှာ ဟန္နိုင်းမြို့ (Hanoi)ဖြစ်ပြီး ဒါနန်းမြို့(Danang)မှာ စည်ကားသောမြို့ဖြစ်ပါသည်။ အသုံးပြုသောငွေကြေးမှာ “ဒေါင်” (Dong ) ဖြစ်ပြီး အမေရိကန် တစ်ဒေါ်လာသည် ဗီယက်နမ် ဒေါင် ၂၆၀၀၀ ခန့် ရှိပါသည်။

ဒါနန်းမြို့သည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၏ တောင်ဘက်ခြမ်းတွင် တည်ရှိသော အဓိကဆိပ်ကမ်းမြို့ဖြစ်ပါသည်။ ဟန်မြစ်(Han)ပေါ်တွင် တည်ရှိပြီး နိုင်ငံခြားခရီးသွားများ လည်ပတ်ကြည့်ရှုနိုင်သည့် တောတောင်အလှအပများ၊ ကမ်းခြေများ၊ ဒေသထွက်အစားအစာများ၊ ရိုးရာပွဲတော်များ၊ နာမည်ကြီး ကော်ဖီမှုန့်များ ထွက်ရှိရာဒေသဖြစ်ပါသည်။ နိုင်ငံတကာခရီးသွားများ နှစ်စဉ်လာရောက်ကြပါသည်။ ၁၉၈၆ ခုနှစ်တွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံများတွင် ပါဝင်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခင်က ပြင်သစ်နိုင်ငံ၏ ကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်ခဲ့ပြီး ၁၉၅၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ပြင်သစ်ထံမှ လွတ်လပ်ရေးရခဲ့ပါသည်။ ထို့ကြောင့် ဒါနန်းမြို့တွင် ပြင်သစ်ကိုလိုနီအဖြစ် အုပ်ချုပ်ခဲ့စဉ်က တည်ဆောက်ခဲ့သည့် အဆောက်အအုံများကို တွေ့ရှိရပါသည်။ ဒါနန်းမြို့သည် နှစ်စဉ်မေလမှ ဩဂုတ်လအတွင်း အလည်အပတ်လာရောက်ရန် သင့်လျော်သည့်မြို့ဖြစ်ပါသည်။

**ဘာနားတောင်ပေါ်အပန်းဖြေစခန်း**

ဒါနန်းမြို့၏ နာမည်ကျော် ရွှေတံတား (Golden Bridge)ဟု တင်စားသည့် လက်ကြီးနှစ်ဖက်ပင့်ထားသော တံတားရှိရာ ဘာနားတောင်ပေါ်အပန်းဖြေစခန်း ( Bana Hill ) သို့ ရောက်ခဲ့ပါသည်။ ပြင်သစ်ခေတ်က အဆောက်အအုံပုံစံများ၊ ပန်းဥယျာဉ်များ၊ ဟိုတယ်များ၊ ကော်ဖီဆိုင်များဖြင့် စည်ကားပြီး တောင်ပေါ်တက်ရန် ကေဘယ်ကား (Cable car) ကို အချိန် မိနစ် ၃၀ ခန့် စီးရပြီး ကမ္ဘာပေါ်တွင် ခရီးအရှည်ဆုံးကေဘယ်ကားခရီးစဉ်တွင် ပါဝင်ပါသည်။ ကေဘယ်ကားစီးရင်း ကားပေါ်မှ တောင်များ၏ အလှအပ၊ ဟိုတယ်အဆောက်အအုံ၊ ပန်းဥယျာဉ်တို့ကို ကြည့်ရသည်မှာ ပျော်စရာကောင်းလှပါသည်။ တောင်ပေါ်တက်ရာတွင် ကေဘယ်ကားခအပါအဝင် ဝန်ဆောင်မှုအားလုံးအတွက် ဗီယက်နမ်ငွေကြေး VND ၇၀၀၀၀၀ (ခုနစ်သိန်း)ခန့် ပေးရပါသည်။

နိုင်ငံခြားငွေများစွာကို ခရီးသွားများထံမှ ရယူပေးသည့်နေရာ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် အလွန်လှပသော တောတောင်ရှုခင်းများ ရှိပါသည်။ ယခုကဲ့သို့ နိုင်ငံခြားသားများ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှုရှိသည့် ကေဘယ်တောင်တက်ကားများ၊ ဟိုတယ်များ၊ ပန်းခြံများ၊ ရှေးဟောင်းပုံစံအဆောက်အအုံများ၊ တံတားများ တည်ဆောက်ပြီး တောင်ပေါ် အပန်းဖြေစခန်းများ ဖွင့်နိုင်ပါက နိုင်ငံခြားခရီးသွားဝင်ငွေ ရနိုင်သည့် အခွင့်အလမ်းများစွာရှိပါသည်။

ဒါနန်းမြို့ရောက်ပါက ဟန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် နဂါးပုံစံတံတား(Dragon Bridge) သည် မကြာခဏ ကားဖြင့်ခရီးသွားရင်း ဖြတ်သန်းခဲ့ရပါသည်။ ထိုတံတားသည် ၆၆၆ မီတာခန့်ရှည်လျားပြီး တံတားဘေးပေါင်ပေါ်တွင် နဂါးတစ်ကောင်ပုံစံကို တည်ဆောက်ထားကာ ညအခါ LED မီးလုံးများဖြင့် အလွန်ကြည့်၍ လှပပါသည်။ ရုံးပိတ်ရက်များတွင် ညပိုင်း၌ နဂါး၏ ဦးခေါင်းမှ မီးလျှံမီးခိုးနှင့် ရေများ မှုတ်ထုတ်ပေးသည့်ပုံစံ ဖော်ဆောင်ထားသောကြောင့် ညပိုင်းတွင် ထိုအလှအပကို ခံစားနိုင်ရန် တံတားအနီး ကော်ဖီဆိုင်၊ အအေးဆိုင်များတွင် ထိုင်ရင်းကြည့်ရှုကြသူများဖြင့် စည်ကားလှပါသည်။

စကျင်ကျောက်တောင်များပေါ်တွင် ဘုရားကျောင်းဆောင်များ တည်ထားသည့် Marble Mountains မှာ Hoa hia အရပ်တွင်ရှိကာ တောင်ပေါ်သို့ ဓာတ်လှေကားနှင့်တက်ကြပြီး တောင်အောက်သို့ ရိုးရိုးလှေကားဖြင့် ဆင်းကြပါသည်။ ဗုဒ္ဓဘာသာရုပ်ပွားတော်၊ တရုတ်ဘုံကျောင်း၊ ကွမ်ရင်မယ်တော်ရုပ်တုနှင့် လိုဏ်ဂူများ၊ ရေတံခွန်များ ရှိပြီး စကျင်ကျောက်နှင့် ထုလုပ်ထားသည့် ဘုရားရုပ်တုများ ရောင်းဝယ်သည့် လုပ်ငန်းဖြင့် နာမည်ကြီးသော ဒေသဖြစ်ပါသည်။ ထိုနေရာတွင်လည်း နိုင်ငံခြားသားခရီးသွားများ အလည်လာလေ့ရှိပြီး တောင်ပေါ်ဓာတ်လှေကားတက်ခ VND ၃၀၀၀၀ ခန့် ပေးရပါသည်။

ကျွန်တော်တို့သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ပင်လယ်ကမ်းခြေသို့ အလည်သွားရောက်ခဲ့ကြပါသည်။ ဒါနန်းမြို့၏ ညဈေးသို့သွား၍ ဗီယက်နမ်နိုင်ငံထွက် ကော်ဖီမှုန့်များ၊ အဝတ်အထည်များ ဝယ်ယူကာ ပင်လယ်စာ ကျောက်ပုစွန်၊ ကဏန်း၊ ငါးမျိုးစုံတို့ကို သွားရောက်စားသောက်ခဲ့ကြပါသည်။ ဒါနန်းမြို့သည် နေ့အချိန်ထက် ညအချိန်တွင် ပို၍ စည်ကားပါသည်။



ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ရွှေတံတား။

**(၂၇)ကြိမ်မြောက် အာရှနိုင်ငံတကာ ကော်ဖီညီလာခံကျင်းပ**

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီသည် နာမည်ကြီးပါသည်။ (၂၇)ကြိမ်မြောက် အာရှနိုင်ငံတကာ ကော်ဖီညီလာခံ (Coffee Outlook)ကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့ပါသည်။ နိုင်ငံတကာကော်ဖီအဖွဲ့(ICO)မှ ကိုယ်စားလှယ် ၁၅၀ ကျော် တက်ရောက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုသည် ဧရိယာဟက်တာ ၆၀၀၀၀၀ ကျော်ရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ကော်ဖီအထွက်နှုန်း တန်ချိန် ၁ ဒသမ ၇ သန်းခန့်ရှိကြောင်း သိရပါသည်။ ကော်ဖီစိုက်ခင်းဧက တစ်ဟက်တာလျှင် အမြတ်ငွေ ဗီယက်နမ်ဒေါင် သန်း ၂၀၀ ခန့် ရရှိကြောင်း သိရပါသည်။ ဗီယက်နမ်၏နာမည်ကြီး ကော်ဖီမှုန့်ထုပ်များဖြစ်သော Vina cafe၊ Good Morning Café၊ ကြောင်ရုပ်ကလေးပါသည့် GAO BANG Coffee၊ C 7 ကော်ဖီ၊ King Coffee မှုန့်ထုပ်များသည် နိုင်ငံတကာဈေးကွက်တွင် ရောင်းအားကောင်းပါသည်။ King Coffee Mix – AMERICANO၊ ESPRESSO၊ PURE Black Instant Coffee တစ်ထုပ်လျှင် အမေရိကန် ၁၆ ဒေါ်လာမှ ၂၅ ဒေါ်လာအထိ ဈေးအမျိုးမျိုးရှိပါသည်။

ကျွန်တော်သည် ကော်ဖီကို နှစ်သက်စွာ သောက်သုံးသူဖြစ်သောကြောင့် ဒါနန်းမြို့၏ နာမည်ကျော် 43 Factory Coffee Roaster ဆိုင်သို့သွား၍ ကော်ဖီသောက်ခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ ကော်ဖီအကောင်းဆုံးနိုင်ငံများမှ ထွက်ရှိသည့် ကော်ဖီစေ့များကို လက်ငင်းအမှုန့်ကြိတ်စက်နှင့်ကြိတ်ကာ ကော်ဖီစစ်သည့် စက္ကူလေးဖြင့် အဆင့်ဆင့်ဖြတ်သန်းပြီးမှ ထွက်လာသောကော်ဖီကို သတ်မှတ်ထားသည့်အပူချိန်၊ သတ်မှတ်ထားသည့် ကော်ဖီနှင့် ရေနွေးပမာဏအချိုးအစားတိကျစွာ ဖျော်ထားသော ကော်ဖီတစ်ခွက်ရရန် မိနစ် ၃၀ ခန့် စောင့်ရပါသည်။

ကော်ဖီနှင့် မုန့်တို့ကို မြန်မာငွေကျပ် ၈၀၀၀၀ ပေးကာ စားသောက်ခဲ့ပါသည်။ ဆိုင်အတွင်းတွင် စားပွဲအသေးလေးများ ခင်းထားပြီး နိုင်ငံခြားသားများမှာ ကိုယ်ပိုင်လက်တော့ပ် (Laptop) ကွန်ပျူတာကိုယ်စီနှင့် ကော်ဖီကို ဇိမ်ခံသောက်ကာ ဂိမ်းကစားနေကြခြင်း၊ You Tube ကြည့်နေခြင်းတို့ကို ပြုလုပ်နေကြပါသည်။ ဆိုင်၏အပြင်ဘက်တွင် အုတ်ဖြင့်ပြုလုပ်ထားသော ရေကန်ငယ်

**စာမျက်နှာ ၁၉ သို့ ❂**




> **❛ နိုင်ငံတိုင်းသည် ပြည်ပခရီးသွားများထံမှ နှစ်စဉ် ဝင်ငွေများစွာရရှိရန် နည်းလမ်းမျိုးစုံနှင့် ကြိုးပမ်းနေကြပါသည်။ မိမိတို့နိုင်ငံ၏ တောတောင်ရေမြေအလှအပ၊ တိုင်းရင်းသားရိုးရာအစားအသောက်၊ လှပသည့် ပင်လယ်ကမ်းခြေများ၊ အဆင့်မြင့်သန့်ရှင်းသပ်ရပ်သည့် ဟိုတယ်၊ တည်းခိုခန်းများ စသည်တို့ကို နိုင်ငံခြားသားများ လာရောက်လည်ပတ်နိုင်ရန် ဆွဲဆောင်မှုသည် အလွန်အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတကာမီဒီယာများသို့လည်း မိမိနိုင်ငံ၏ အလှအပများဖြင့် ခရီးသွားများကိုဆွဲဆောင်ရန် ကြိုးပမ်းနေကြ ❜**

❂ စာမျက်နှာ ၁၈ မှ
လေးများ၏အလယ်တွင် ကော်ဖီသောက်နိုင်ရန် ထိုင်ခုံလေးများ ပြုလုပ်ထားပါသည်။ အမျိုးသမီးနှင့် ကလေးငယ်လေးများက ရေကန်အတွင်းမှ အလှမွေးထားသည့် ငါးများကိုကြည့်ကာ ကော်ဖီနှင့်မုန့်များကို စားသောက်နေကြသည်ကို တွေ့ရပါသည်။ ဒါနန်းမြို့သို့ တစ်နှစ်လျှင် ခရီးသွား ၁၀ သန်းခန့် လာရောက်ကြပြီး ဗီယက်နမ်ငွေ ဒေါင် ၃၁ ထရီလီယံခန့်ရရှိရန် မျှော်မှန်းထားကြောင်း သိရပါသည်။ ထိုခရီးသွားများမှ ယခု 43 Coffee Factory ဆိုင်သို့လာရောက်သူ နှစ်စဉ် သိန်းဂဏန်းမျှရှိပါသည်။

**ခရီးသွားများကိုဆွဲဆောင်ရန် ကြိုးပမ်းနေကြ**

နိုင်ငံတိုင်းသည် ပြည်ပခရီးသွားများထံမှ နှစ်စဉ် ဝင်ငွေများစွာ ရရှိရန် နည်းလမ်းမျိုးစုံနှင့် ကြိုးပမ်းနေကြပါသည်။ မိမိတို့နိုင်ငံ၏ တောတောင်ရေမြေအလှအပ၊ တိုင်းရင်းသားရိုးရာ အစားအသောက်၊ လှပသည့် ပင်လယ်ကမ်းခြေများ၊ အဆင့်မြင့် သန့်ရှင်းသပ်ရပ်သည့် ဟိုတယ်၊ တည်းခိုခန်းများ စသည်တို့ကို နိုင်ငံခြားသားများ လာရောက်လည်ပတ်နိုင်ရန် ဆွဲဆောင်မှုသည် အလွန်အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတကာမီဒီယာများသို့လည်း မိမိနိုင်ငံ၏ အလှအပများဖြင့် ခရီးသွားများကိုဆွဲဆောင်ရန် ကြိုးပမ်းနေကြပါသည်။

ကျွန်တော်တို့ နိုင်ငံသည် အလွန်လှပသည့် ရေမြေတောတောင်များ၊ ပင်လယ်ကမ်းခြေအလှအပများ၊ တိုင်းရင်းသားရိုးရာအကအလှနှင့် အစားအသောက်များ၊ ခေတ်မီဟိုတယ်များနှင့်အတူ နိုင်ငံတကာခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ဆွဲဆောင်ပြီး နိုင်ငံခြားဝင်ငွေရှာနိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါတော့သည်။ ။


ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ ဘာနားတောင်ပေါ်ရှိ အပန်းဖြေစခန်း။


စာရေးသူ 43 Coffee Factory ဆိုင်သို့ ရောက်ခဲ့စဉ်။




# "ရောင်တော်ဖွင့်" ဓမ္မပူဇာတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ "ရောင်တော်ဖွင့်" ဓမ္မပူဇာတေးဂီတ ဖျော်ဖြေပွဲကို ဇူလိုင် ၁၁ ရက် (သောကြာနေ့)ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံဆိုင်းဝိုင်းကြီးနှင့် မြန်မာ့အသံတေးဂီတအဖွဲ့၏ တွဲဖက်တီးခတ်မှုနှင့်အတူ နာမည်ရတေးသံရှင်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ စိုးထက်အောင်၊ ဇော်ထွေးလတ်၊ မိုးသောက်ကြယ်၊ ဖြိုးဗိုလ်ဗိုလ်၊ မို့မို့ကျော်လွင်၊ မေချစ်သက်၊ ထက်ထက်စိုးစံ၊ ရွှေရုပ်လေးနှင့် စုလှဲ့ဝင်းတို့က ဗုဒ္ဓဘာသာဝင်ရဟန်း၊ သံဃာများ ဝါတွင်းကာလ သီတင်းသုံး အားထုတ်ကြပုံ၊ မိဘပြည်သူများ၏ ကောင်းမှုကုသိုလ်ပြုမှုများ လွှမ်းခြုံနေပုံ စသည့် ဝါတွင်းကာလ မြင်ကွင်းများကို ချီးကျူးပူဇော်ကန်တော့သည့် ဓမ္မပူဇာတေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"ရောင်တော်ဖွင့်" ဓမ္မပူဇာတေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ထူးခြားသည့် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့နံနက် ၅ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်



**ထားဝယ် ဇူလိုင် ၁၀**

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ဖူဆယ်အားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် လောင်းလုံးမြို့နယ် အသင်းနှင့် ကော့သောင်းမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကော့သောင်းမြို့နယ်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသည့် ကြက်ခြေနီ တပ်ဖွဲ့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်ပြည်သူ့ဆေးရုံကြီး ကျောက်ကပ်သွေးသန့်စင်ဌာန၌ တက်ရောက်ကုသနေသော ကျောက်ကပ်ဝေဒနာရှင်များကို လှည့်လည် ကြည့်ရှုအားပေးစကား ပြောကြားပြီး နိုင်ငံတော်က ပံ့ပိုးပေးသည့် ကျောက်ကပ်စက်များနှင့် တိုင်းဒေသကြီး ကျောက်ကပ်ဖောင်ဒေး ရှင်းက လိုအပ်ချက်ရှိသည်များကို ကျောက်ကပ်ဝေဒနာရှင်များ အတွက် ဖြည့်ဆည်းဆောင်ရွက် ပေးမည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**✻ MNL မှ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ သစ္စာအားမာန် အသင်းသည် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၅၅၊ ၆၉ မိနစ်တွင် ခန့်ဘုန်းနိုင်က ဟက်ထရစ်နှင့် ခုနစ်မိနစ်တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၃၅ မိနစ်တွင် ရဲလင်းဦး၊ ၇၃ မိနစ်တွင် အောင်အောင်ဖြိုးတို့က သွင်းယူသည်။ ယခုပွဲ အပြီးတွင် သစ္စာအားမာန်အသင်းက ၁၃ ပွဲကစား ၂၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၃ ပွဲကစား ငါးမှတ်ရရှိထားသည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းသည် ဂိုးပြတ်ရလဒ်ဖြင့် အနိုင်သုံးမှတ်ရယူနိုင်ခဲ့ပြီး ၁၀၊ ၄၅+၁၊ ၈၃ မိနစ်တွင် ဝိုင်းထက်ပိုင်၊ ၅၅၊ ၈၇ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရောဝတီယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၁၈ မှတ်၊ Dagon Port အသင်းက ၁၃ ပွဲကစား တစ်မှတ်ရရှိထားသည်။

ပွဲစဉ်(၁၃) ဒုတိယနေ့ကို ဇူလိုင် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Falcon အသင်း၊ ပဒုမ္မာကွင်း၌ Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MNL**

---




## စင်ကာပူ တာတိုဖလား ကနူး/ကယက် လှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ပြည်ပထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၀**

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် စင်ကာပူ တာတိုဖလား ကနူး/ကယက် လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ပြည်ပသို့ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်ရဲဟိန်း ဦးဆောင်၍ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၁ ဦး ပါဝင်သော မြန်မာအားကစားအဖွဲ့အား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **ကိုထက်**

---

**❖ ပီအက်စ်ဂျီအသင်းမှ**

အခုပွဲစဉ်မှာ နည်းပြအလွန်ဆိုရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ အဓိက ကစားသမားအများစုနဲ့ ပွဲထွက်လာခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားတွေရဲ့ အမှားကို ပီအက်စ်ဂျီအသင်း ကစားသမားတွေက အကောင်းဆုံးအသုံးချနိုင်ခဲ့လို့ ပီအက်စ်ဂျီအသင်းက ဂိုးပြတ်နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကို ရှုံးပွဲကြုံခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုပွဲစဉ်မတိုင်မီက ယခုနှစ် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရှုံးပွဲမရှိအောင်ကစားနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး စပိန်လာလီဂါပြိုင်ပွဲမှာ ဆီဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၉ ရက်နောက်ပိုင်း ပွဲကစားချိန် ၂၅ မိနစ်အတွင်း သွင်းဂိုး သုံးဂိုးခွင့်ပြုပေးလိုက်ရတဲ့ ပထမဆုံးပွဲစဉ်လည်း ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားကိုရရှိခဲ့တာကြောင့် ယူအီးအက်ဖ်အေစူပါဖလားပွဲစဉ်အဖြစ် ဩဂုတ် ၁၃ ရက်မှာ ယူရိုပါလိဂ်ဖလား ချန်ပီယံစပါးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

---

## Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုပွဲများ စတင်ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပရာ လက်ရှိချန်ပီယံ MIU အသင်းအပါအဝင် JZ Yangon၊ 7 Brother အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

အုပ်စုပထမနေ့တွင် JZ Yangon အသင်းက 7 Dragon အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MIU အသင်းက ULAD အသင်းကို လေးဂိုးပြတ်၊ 7 Brother အသင်းက Pacific Sun Far အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး VUC အသင်းနှင့် ပြည့်ကြီးအသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။ အုပ်စုပွဲများကို ဇူလိုင် ၁၇ ရက်အထိကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၂၈ သင်းဝင်ရောက်ယှဉ်ပြိုင်နေကာ လေးသင်း ခုနစ်အုပ်စုခွဲ၍ ပြုလုပ်လျက်ရှိသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် VUC အသင်း၊ JZ Yangon အသင်း၊ 7 Dragon အသင်း၊ ပြည့်ကြီးအသင်း၊ အုပ်စု(B)တွင် MIU အသင်း၊ Pacific Sun Far အသင်း၊ 7 Brother အသင်း၊ ULAD အသင်း၊ အုပ်စု (C) တွင် YRG အသင်း၊ United City အသင်း၊ ပြည့်စုံအသင်း၊ ဟံသာဝတီအသင်း၊ အုပ်စု(D)တွင် YCDC MH Dream Team အသင်း၊ SGF အသင်း၊ KKY အသင်း၊ Water King အသင်း၊ အုပ်စု (E) တွင် Winner Generations အသင်း၊ Gold Dream အသင်း၊ Ruby Volcanose အသင်း၊ Kyaung Sayar Tharhtwe အသင်း၊ အုပ်စု (F) တွင် G-UPT အသင်း၊ TG United အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်း၊ တော်ဝင်နန်းအသင်း၊ အုပ်စု (G)တွင် M2K အသင်း၊ ဖူဆယ်ချစ်သူအသင်း၊ Maryar Noka အသင်းနှင့် မလိကြယ်စင်အသင်းတို့ ပါဝင်နေသည်။

**သတင်း- ကိုညီလေး၊ ဓာတ်ပုံ-MFF**



7 Brother အသင်းနှင့် Pacific Sun Far အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

---

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

---

**မိခင်အမည်မှန်**

ရန်ကုန်မြို့နေ The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်တိုးပြည့်ဝ၏ မိခင်အမည်မှန်မှာ ဒေါ်လွင်လွင်ခိုင် [၁၄/ကပန(နိုင်)၂၅၅၆၅၀] ဖြစ်ပါကြောင်း။ **ဒေါ်လွင်လွင်ခိုင်**

---

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ သရဖီလမ်း၊ မြေကွက်အမှတ်(၇၅၁)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ မြေကွက်အမှတ်(၇၅၀)နှင့် ကပ်လျက်(ခြေရင်း)ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၁၂x၆၀)ပေရှိ ဦးကြိုင်(ISN-၃၁၄၈၃၉)အမည်ပေါက် မြေချပါမစ်(မိတ္တူ)ဘက်ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းလွင်တိုး[၇/ဖမန(နိုင်)၀၉၆၀၀၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.I.L)** **(LL.B,D.B.L,D.I.L,WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

---

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ဒီပါအေးမြလမ်း၊ မြေကွက်အမှတ် (၂၆၇)ဟုခေါ်တွင်သော (အလျား ၄၄ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ ဦးမြမောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၂၆၆)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား ၂၉ ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဖခင် ဦးမြမောင်နှင့် မိခင် သန်းခင်တို့ ကွယ်လွန်ပြီးဖြစ်သဖြင့် (၁)ဒေါ်ရီရီမြင့်[၁၂/သဃက(နိုင်)၁၂၈၉၆၉]နှင့် (၂) ဦးမြင့်ဇော်[၁၂/သဃက(နိုင်)၁၂၈၉၆၈]တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph: 09-954280932** | **LL.B,D.B.L,D.I.L,D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ ဦးပိုင်အမှတ် (N/၉)၊ ကွင်းအမည်"ငွေ့ကြီးဒိုက်ကွင်း"၊ ကွင်းအမှတ်(၁၂၉) ရှိ မြေအကျယ်အဝန်း (၀.၉၁)ဧကရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ဖခင်ဖြစ်သူ **ဦးသန်းထူး** အမည်ဖြင့် မှတ်သားတည်ရှိပြီး လက်ရှိပိုင်ဆိုင်ထားသော **ဦးရဲကျော်[၁၂/လကန(နိုင်)၂၀၁၈၆၁]** မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဦးသန့်ဇင်ဦး [၈/ရစက(နိုင်)၁၃၇၄၀၈]**မှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်းမကြီး၊ အမှတ် (၉၉) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၈) ထပ်တိုက် အနက်မှ (၃–လွှာ၊ ဘယ်/ညာ)၊ အကျယ်အဝန်း (၁၅x၄၅)ပေရှိ တိုက်ခန်း (၂) ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးတင်မြ [၉/မရမ(နိုင်)၀၄၂၄၄၈]**မှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **၁။ ဦးအောင်ကိုကို [၁၂/မဂတ (နိုင်)၀၈၂၆၇၀]၊ ၂။ ဒေါ်ဇင်မာဖြူ [၁၀/ကမရ(နိုင်)၁၉၇၀၃၇]** တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်–၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉/၄၈)ရပ်ကွက်၊ ကံ့ကော် (၂)လမ်း၊ အမှတ် (၁၃၆၆/က)ဟုခေါ်တွင်သော မြေအမည်ပေါက် ဦးစောအောင် [၁၂/မရက(နိုင်)၀၁၆၈၃၅]၊ မြေအမျိုးအစား– ပါမစ်မြေ၊ မြေအကျယ်အဝန်း– အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်၊ ရေ/မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုအပိုင်ရောင်းချသူ ဦးခင်မောင်ထွေး(ISN–၄၃၉၁၂၉)မှ မိမိသာလျှင် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြု ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးမိုးစက်အောင်[၅/တဆန(နိုင်)၁၇၆၈၇၃]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101 (WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အား မီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း–09–260087755, 09–421123477**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ မြေကွက်အမှတ် (၃၁၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၁၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅/၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်မှူးချုပ်အောင်လှိုင် [၁၂/ဒဂန (နိုင်) ၀၀၇၁၂၇] အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၅၀/၂၀၂၃) (၂၇–၁၂–၂၀၂၃) ဖြင့် ဦးအောင်လှိုင်၊ ဦးနန္ဒကျော်ထွေးတို့အား တရားပြိုင်ပြု၍ တရားလို ဦးမောင်စုမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ဦးမောင်စုမှ ရရှိခဲ့သည့် (၂၇–၁၂–၂၀၂၃) ရက်စွဲပါ တရားရုံးစီရင်ချက် အနိုင်ဒီကရီနှင့် တရားရုံးများကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ် ဒေါ်ငုဝါ [၁၂/လမန (နိုင်)၀၂၉၆၃၃] အား ခန့်အပ်သည့် (၈–၁၁–၂၀၂၄) ရက်စွဲပါ တရားမဇာရီမှုအမှတ်–၄၀/၂၀၂၄၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏ (၁၈–၁၁–၂၀၂၄) ရက်စွဲပါ ဘီလစ်ခန့်အပ်စာ၊ နှစ် (၆၀) ဂရန်မူရင်း၊ တရားရုံးသို့ တင်ပြခဲ့သည့် အရပ်ကတိအဆက်အစပ်အရောင်းအဝယ်စာချုပ်၊ တရားရုံးဒီကရီအထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ (၂၀၀၅) ခုနှစ်တွင် ဦးအောင်လှိုင်မှ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားလို ဦးမောင်စုမှ မသိရှိကြောင်း၊ လျှောက်ထားမြေကွက်အား (၂၀၁၀) ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ပြီး ယနေ့ထက်တိုင်နေထိုင်လျက်ရှိပြီး (၂၀၀၅) ခုနှစ်တွင် ကူးယူခဲ့သော အရောင်းမြေပုံနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူကြောင်း အင်းစိန်ခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်–၈၂၇ (၂၀–၅–၂၀၂၅) တို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/မြောက်)၊ လူနေရပ်ကွက်အမှတ်–၁၀၊ လယ်ယာ(၃)လမ်း၊ မြေကွက်အမှတ်–၉/ဂ၊ ၉/ဃ၊ ၁၀/က–၂၊ အကျယ်အဝန်း(အလျား ၇၈ပေ ၆လက်မxအနံ၁၁၈/၁၂၀ပေ) အကျယ်ရှိ နှစ်(၆၀)ဂရန် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် မိမိအမည်ပေါက်လျက်ရှိပြီး အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်လျက် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကာလီယာမ (ခ) ဒေါ်ရတနာ [၁၂/မဂတ(နိုင်)၀၇၉၇၄၈]ထံမှ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်မြင့်[၁၂/လသန(နိုင်)၀၀၃၄၉၈]က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေခိုင်စိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၁၈)**
**တိုက်(၁)၊ ဒုတိယအလွှာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၄၀၆၁၃၊ ၀၉–၇၄၀၀၁၆၂၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လေးထောင့်ကန်ကျေးရွာ၊ ဖွံ့ဖြိုးရေးလမ်း၊ အမှတ် (၁၃၈/က) ဟုခေါ်တွင်သော ( အလျား ၂၀ ပေ x အနံ ၆၀ ပေ )ရှိ မြေနှင့်အိမ် ( ရေ+မီးမီတာ) အပါအဝင် တွယ်ကပ်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သိန်းရွှေ [၁၂/လကန (နိုင်) ၀၅၈၄၅၅ ]ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်ခင်စိုးဝင်း [၁၂/ရကန (နိုင်) ၀၅၈၉၇၀] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်မထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၅၃)**
**အမှတ် (၁၃၃)၊ အခန်း (၄၀၅)၊ စက်ရုံလမ်း၊ လမင်းသာယာကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉– ၅၄၁၆၇၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၊ မြေကွက်အမှတ်–၅၉၄၊ မြေကွက်တည်နေရာအမှတ်– ၅၉၄၊ ရာဇသင်္ကြန်လမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ကျော့ကျော့ဆွေ (KTO– 090519)၊ ဗိုလ်မှူးအောင်သန်းဦး(S/OKA–074600) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ကျော့ကျော့ဆွေ၊ ဗိုလ်မှူးအောင်သန်းဦးတို့ မြေကွက်အား ဦးအောင်သန်းဦး (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကျော့ကျော့ဆွေ(KTO–090519)မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်–၁/၁၄၅၀/၂၀၂၅(၂၄–၁–၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၇**

| | | |
|---|---|---|
| ဦးထွန်းလှဦး | နှင့် | ၁။ ဦးညွန့်အောင်(ခ)ငပလီ<br>၂။ ဒေါ်ရှာဇီယာ (ကွယ်လွန်သူ ဦးဘာဘူ၏ တရားဝင်ကိုယ်စားလှယ်)<br>၃။ ဒေါ်သိန်း<br>၄။ ဒေါ်တင်တင်လှ (ကွယ်လွန်သူ ဦးအောင်သိန်း၏ တရားဝင် ကိုယ်စားလှယ် ) |
| **( တရားလို )** | | **( တရားပြိုင်များ )** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (၁၅၇)လမ်း၊ အမှတ်(၆၇) မြေညီထပ်နေ (၁)တရားပြိုင် ဦးညွန့်အောင်(ခ)ငပလီ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ဒေါ်ရီအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်စာချုပ်မူရင်းကို (၁)တရားပြိုင်က တရားလိုအား ပြန်လည်ပေးအပ်စေပြီး (၂)(၃)(၄) တရားပြိုင်များက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ( ၃၁ )ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ( ၇ )ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၁၀) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြသီရိလမ်း၊ မြေကွက်အမှတ်(၁၃၈)၊ မြေအကျယ်အဝန်း (၄၁ပေ ×၆၀ပေ) ၊ ဧရိယာ(၀.၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးအောင်မြင့်ဦး (၁၂/လကန(နိုင်)၁၀၆၅၃၇)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃)
